ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊(5-5-2010) (၆၃၈၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander SVINTSOVSKIY အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander SVINTSOVSKIY အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(ယာပုံ)**နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander SVINTSOVSKIY အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။**(အောက်ပုံ)

(သတင်းစဉ်)



ကမ္ဘာလှည့်အပျော်စီးသင်္ဘော မြန်မာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါသို့ရောက်ရှိ မြန်မာနိုင်ငံအတွင်း လှည့်လည်လေ့လာ-

(သတင်း)စာမျက်နှာ(၁၀)

ကြီးအုံကြီးဝ ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများနှင့် တောင်မုန်းမြောင်းမကြီး ရေဝင်ရောက်ရှိမှုကြည့်ရှုစစ်ဆေး-

(သတင်း)စာမျက်နှာ(၃)

ပုသိမ်-သလပ်ခွာ-မော်တင်စွန်း လမ်း ဆောက်ရွက်နေမှုများနှင့် တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများစစ်ဆေး-



(သတင်း)စာမျက်နှာ(၈)

၅-၅-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

စွန့်စွန့်စားစား မီးသတ်စွမ်းပကား ငြိမ်းသတ်ကာကွယ် မီးဘေးအန္တရာယ်

သဘာဝဘေးအန္တရာယ်သည် အချိန်အခါရာသီမရွေး ကျရောက်နိုင်သည်။ နိုင်ငံအတွင်းရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံပိုင် ပုဂ္ဂလိကပိုင် ကုန်ထုတ်အရင်းအနှီးများကို မီးဘေး၊ လေဘေး၊ ရေဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်နိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားသည်။

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မီးဘေးအန္တရာယ် ပိုမိုဖြစ်ပွားတတ်သည်။ လူအများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုမရှိစေရေး ပြည်သူတိုင်းက ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရပေမည်။ သက်ဆိုင်ရာ ဒေသအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ ညီညာဖြဖြ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပေမည်။

မီးသတ်ဦးစီးဌာနသည် အရာထမ်း၊ အမှုထမ်းပေါင်း လေးထောင်ကျော် ပါဝင်ဖွဲ့စည်းထားပြီး မီးဘေးကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည်။ နိုင်ငံတစ်ဝန်း၌ မီးသတ်လုပ်ငန်းများ ပိုမိုထိရောက်စွာ ဖော်ဆောင်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်ပေါင်း နှစ်သိန်းကျော်ကိုလည်း ဖွဲ့စည်းထားရှိသည်။ ထို့အပြင် မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်၊ အထပ်မြင့်မီးငြိမ်းသတ်ယာဉ်၊ အထောက်အကူပြုယာဉ်နှင့် နောက်တွဲမီးသတ်စက်များ အပါအဝင် မီးသတ်ယာဉ်အင်အား ၁၉၀၀ ကျော်ကိုလည်း ဖြည့်ဆည်းထားသည်။

မီးလောင်မှုများသည် ပေါ့ဆမီး၊ မီးဖိုမီး၊ လျှပ်စစ်မီး၊ မသမာသူရှို့မီး၊ တောမီးနှင့် အလိုအလျောက်မီးတို့ကြောင့် ဖြစ်ပွားတတ်သည်။ ၂၀၀၉ ခုနှစ်အတွင်း မီးလောင်မှုပေါင်း အကြိမ်ခုနစ်ရာကျော်ဖြစ်ပွားခဲ့ရာ နိုင်ငံအတွက် ငွေကြေးသန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ ယခုအခါ လူနေတိုက်တာ အဆောက်အအုံများ၊ စက်မှုဇုန်များ၊ ဈေးကြီးများ၊ စက်ရုံ၊ အလုပ်ရုံများ တိုးတက်များပြားလာလျက်ရှိရာ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး ပြည်သူတိုင်းက သတိပြုကာကွယ်သွားကြရပေမည်။

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် စွန့်စွန့်စားစား မီးငြိမ်းသတ်ခြင်း၊ အသက်ကယ်တင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် အရှိန်အဟုန်မြင့်တင်ဆောင်ရွက်နေကြသည်။ ၁၉၈၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသဖြင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ခံရသူ ၂၀၆ ဦးရှိပေသည်။

မီးသတ်လုပ်ငန်းသည် လူတိုင်းနှင့် သက်ဆိုင်သည်။ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ အသက်ကယ်တင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို စွန့်စွန့်စားစား ကြိုးပမ်းဆောင်ရွက်နေကြသည်။ ပြည်သူများအားလုံးကလည်း မိမိတို့၏ မေ့လျော့၊ ပေါ့ဆမှုကြောင့် မီးလောင်မှုမဖြစ်စေရေး အစဉ်နိုးကြားသတိရှိနေကြရပါမည်။ မီးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါကလည်း ပြည်သူနှင့်မီးသတ် ရင်ချင်းအပ်၍ စုပေါင်းကာကွယ် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်နှင့် Pride International School Myanmar (PIEC) တို့မှ ပူးပေါင်းကျင်းပမည့် သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို မေ ၁၃ ရက်မှ ၂၀ ရက်အထိ ကမာရွတ်မြို့နယ် အောင်မြေသာစည်အိမ်ရာ အောင်ချမ်းသာ(၄)လမ်းရှိ Primary Centre (PIEC) ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မေ ၁၁ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ ပြိုင်ပွဲတွင် အသက် ၂၀ အောက် လူငယ်ပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက် လူငယ်ပြိုင်ပွဲ၊ အသက် ၁၆ နှစ်အောက် လူငယ်ပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် လူငယ်ပြိုင်ပွဲ၊ အသက် ၁၂ အောက် လူငယ်ပြိုင်ပွဲနှင့် အသက် ၁၀ နှစ်အောက် လူငယ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးသိန်းဇော် Root CA Key Generation Ceremony အခမ်းအနားတက်ရောက်

နေပြည်တော် မေ ၄

အီလက်ထရွန်နစ် ဆက်သွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ယမန်နေ့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info - Tech ၌ ကျင်းပသည့် Root CA Key Generation Ceremony အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အီလက်ထရွန်နစ် ဆက်သွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် Root CA Key Generation Ceremony အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့် Pre Key Ceremony ၏ ဒါရိုက်တာဦးသိန်းဦးတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် Assistant Director ဦးအောင်ဇော်မြင့်က Root CA Key Generation Ceremony နှင့်စပ်လျဉ်းသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးသည် Myanmar Info-Tech နှင့် Yadanarpon Tele-port တို့တွင် တပ်ဆင်ထားရှိသည့် Root CA နှင့် CA စက်ခန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဝန်ကြီးသည် မေ ၂ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ပြည်ပဆက်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်တွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် အင်ဂျင်နီယာချုပ်များနှင့် လုပ်ငန်းရှင်များက မိမိတို့ဆောင်ရွက်နေသည့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများအလိုက် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း မှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆကာကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၄

ဆကာကြီးအသင်း(ရန်ကုန်)၏ (၃၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၂ ရက် နံနက် ၈ နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်းရှိ ဂန္ဓကုဋီတိုက်ခန်းမ၌ ကျင်းပရာ ဦးတင်ဦး(စာရင်းစစ်)က အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပြီး အသင်းဥက္ကဋ္ဌ ဦးအောင်ဆွေ(ဦးပါကြီး)က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုး၊ ရသုံးငွေစာရင်းများကို ဒေါ်မီမီခင်ခင်ကြီး၊ အခြေအနေကြားဖြတ်အစီရင်ခံစာကို အသင်းတိုက်ဖြစ်မြောက်ရေး ဦးစီးကော်မတီဝင် ဦးအောင်မိုးဇော်တို့ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးက အတည်ပြုသည်။

ထို့နောက် အသက် (၈၀) နှင့် အထက် ဘိုးဘွား ၈၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်မှချီးမြှင့်သော ပါရဂူဘွဲ့ရ ဒေါက်တာစန္ဒာအေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၁ဦးတို့အား ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဥက္ကဋ္ဌ ဦးကျော်မြင့်(စမ်းချောင်း)နှင့် အတွင်းရေးမှူး ဦးအေးကြူ(ဆကာကြီးအေးကြူ)တို့ ခေါင်းဆောင်ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။

(ကြေးမုံ)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၀) ဖြန့်ချိ

ရန်ကုန် မေ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၁၀)ကို ယခုနှစ်တွင်လည်း ယခင်နှစ်များထက် စာမျက်နှာတိုးမြှင့်၍ ကြွေစက္ကူရောင်စုံဓာတ်ပုံ ၃၀ ကျော်၊ အဖြူအမည်းဓာတ်ပုံ ၁၅၀ ကျော်၊ စာရေးသူပညာရှင်ကြီးများ၏ ဓာတ်ပုံနှင့် အတ္ထုပ္ပတ္တိအကျဉ်းတို့ဖြင့် ဝေဝေဆာဆာထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုနှစ်ထုတ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၁၀)တွင် အပိုင်းသုံးပိုင်းခွဲခြားဖော်ပြထားပြီး အပိုင်း(၁)တွင် ၂၀၀၉ ခုနှစ်အတွင်း မြန်မာနှင့် နိုင်ငံတကာမှ ဖြစ်ရပ်များကို ရက်စွဲအလိုက်ဖော်ပြထားသည်။ အပိုင်း(၂)တွင် ၂၀၀၉ ခုနှစ်အတွင်း ထင်ရှားပေါ်ထွက်လာသော အကြောင်းအရာများကို သုတေသနပြုရေးသားထားသည့် ဆောင်းပါး ၁၃ ပုဒ်ဖြစ်သည့် ကမ္ဘာ့တက္ကသိုလ်ကြီးများနှင့် ရုပ်ရှင်ပညာ၊ ချူကလီးယားစွမ်းအင်၊ ပုခန်းကြီးဒေသ ဂူဘုရားနံရံများမှ ဆေးရေးပန်းချီ၊ ပုခန်းကြီးဒေသသမိုင်းဖြစ်ပေါ်တိုးတက်လာပုံ၊ ဗိုင်းရပ်စ်မွှားလေး၊ မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်း ကောလိပ်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ ဆယ်နှစ်ခရီး၊ မြန်မာအမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်၊ ယနေ့ခေတ်လူသားနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ရေအောက်ရှေးဟောင်းသုတေသနပညာသင်ကြားရေး၊ ရွှေးကောက်ပွဲ၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ပါဝင်သည်။ အပိုင်း(၃)တွင် ၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ အကြောင်းအရာများကို စွယ်စုံနှစ်ချုပ်၏ အစဉ်အလာအတိုင်း ကမှ အ အထိအက္ခရာစဉ်၍ ဖော်ပြထားသည်။

အဆိုပါ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၁၀)ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင်(မန္တလေး) ဖုန်း-၀၂-၆၂၉၃၁၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ်(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာအုပ်ဆိုင် အမှတ်(၂၀၁/၃၀၁) မြေညီထပ် ပန်းဆိုးတန်း (အထက်ဘလောက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈၊ ထွန်းဦးစာပေဖြန့်ချိရေး အမှတ်(၁၀၁) ၈၄ လမ်း ၂၉ လမ်းနှင့် လမ်း ၃၀ ကြား မန္တလေးမြို့ ဖုန်း-၀၂-၃၉၈၀၁၊ ၇၂၅၁၈၊ နဂါးစာပေ အမှတ်(၂၉/ခ) ၈၃ လမ်း ၂၉လမ်းနှင့် လမ်း၃၀ ကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၂၇ တို့တွင် ဝယ်ယူရရှိနိုင်ပြီး ရောင်းဈေးမှာ ငွေကျပ် ၃၀၀၀ ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အိမ်အရောက်ပို့ပေးစေလိုပါက အပိုကြေးပေးစရာမလိုဘဲ ရောင်းဈေးအတိုင်း Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၀၁-၃၉၁၁၈၆ တို့သို့ ဆက်သွယ်မှာကြားဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရေချိုပုစွန်သားပေါက် မျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၄

ငါး၊ ပုစွန် သယံဇာတထိန်းသိမ်းရေးအတွက် ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျုံဘုတ်ကြေးတိုင်အင်းအတွင်း ရေချိုပုစွန်သားပေါက်ကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဧပြီ ၂၇ ရက်က ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်း၊ ဧရာဝတီတိုင်း တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်၊ ဖျာပုံခရိုင်

ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်၊ ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ ရေလုပ်သားများနှင့်အတူ ငါး၊ ပုစွန် သယံဇာတထိန်းသိမ်းရေးအတွက် ဒေးဒရဲမြို့နယ်အတွင်းရှိ ကြေးတိုင်အင်းများအတွင်း ရေချိုပုစွန်သားပေါက်ကောင်ရေ သုံးသိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ)

(ငါးလုပ်ငန်း)

ကြီးအုံကြီးဝရေလှောင်တမံ စီမံကိန်းလုပ်ငန်းများနှင့် တောင်မုန်းမြောင်းမကြီး ရေဝင်ရောက်ရှိမှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁ ရက် နံနက်ပိုင်းတွင် ပုသိမ်-မုံရွာလမ်း၏ ဥသျှစ်ပင်-ကံပြား လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ မုန်းချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်နေသည့် ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား အသေးစိတ် မှာကြားကာ ရှင်းလင်းဆောင်ရွက်ရပ်မှ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကြီးအုံကြီးဝ ရေလှောင်တမံသည် ဇုန်တမံအမျိုးအစားဖြစ်ပြီး ရေလှောင်တမံပြီးစီးပါက မဲဇလီရေလွှဲဆည်၏ စိုက်ပျိုးမြေများကို စိုက်ပျိုးရေ ခိုင်မာစွာ ပေးဝေနိုင်မည်ဖြစ်ကာ လျှပ်စစ်ဓာတ်အားပေးစက်ရုံပါဝင်၍ လျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ် ရရှိနိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မဲဇလီတံတားကြံ့ခိုင်မှု အခြေအနေများနှင့် ဆည်တော်ကြီး မဲဇလီရေလွှဲဆည် ရေဝင်ရောက်ရှိမှုတို့ကို လည်းကောင်း၊ တောင်မုန်းမြောင်းမကြီး တစ်လျှောက် ရေဝင်ရောက်ရှိမှုကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြောင်းမကြီးပတ်ဝန်းကျင်၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နှမ်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာအနီး၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဘုရားကုန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ အကျိုးပြုရေကိုရယူထားသော နှမ်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နှမ်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ကြရန် မှာကြားသည်။

ယင်းနောက် ပွင့်ဖြူ-စကု-မင်းဘူး လမ်းပိုင်းအခြေအနေနှင့် ဧရာဝတီတံတား(မကွေး) ကြံ့ခိုင်မှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြီးအုံကြီးဝရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ICT အခြေခံနည်းပြသင်တန်းနှင့် ကွန်ပျူတာပြုပြင်ထိန်းသိမ်းရေး သင်တန်းဖွင့်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင် အသင်းတို့ ပူးပေါင်းကျင်းပသော ပညာရေးကောလိပ်များမှဆရာ၊ ဆရာမများအတွက် ICT အခြေခံနည်းပြသင်တန်းနှင့် ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲ၊ Myanmar ICT Award (Educational Project) အထောက်အကူပြုသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲနှင့် ရန်ကုန်တိုင်းရှိ ပညာရေးကောလိပ်များအတွက် ICT နည်းပညာပံ့ပိုးရေးလုပ်ငန်း ထောက်ပံ့ငွေနှင့် ကွန်ပျူတာများလှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးက ICT နည်းပညာပံ့ပိုးရေးလုပ်ငန်း လုပ်ဆောင်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်က ICT နည်းပညာပံ့ပိုးရေးလုပ်ငန်းအတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးက ရန်ကုန်တိုင်းရှိ ပညာရေးကောလိပ်များအတွက် ICD Projector များ၊ ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် မီးအားမြှင့်စက်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက လက်ခံသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းထံ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်က ICT နည်းပညာပံ့ပိုးရေးလုပ်ငန်း ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။ (ကွန်ပျူတာအသင်းချုပ်)

ယင်းနောက် ရန်ကုန်တိုင်းရှိ ပညာရေးကောလိပ်များကိုယ်စား မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင် အသင်းဥက္ကဋ္ဌ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင် ဦးထွန်းလှက ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းကာလမှာ မေ ၃ ရက်မှ မေ ၇ ရက်အထိဖြစ်ပြီး သင်တန်းအမှတ်စဉ် (၂)ကိုလည်း မေ ၁၀ ရက်မှ ၁၄ ရက်အထိ ပို့ချပေးသွားမည်ဖြစ်သည်။ Myanmar ICT Award 2010 အတွက် Educational Project ပြိုင်ပွဲများကိုလည်း အောက်တိုဘာလတွင် အပြီးသတ် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမြဦး ပဲခူးတိုင်းအတွင်းရှိ ပြည်သူ့ဆေးရုံများစစ်ဆေး ကျန်းမာရေးဆိုင်ရာများ မှာကြားဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် မေ ၄

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးရုံများတည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် တောင်လည်ရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး တိုက်နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးရုံ၏ လူနာဆောင်များ၊ သားဖွားခန်း၊ ခွဲစိတ်ခန်းနှင့် ကူးစက်လူနာကုသဆောင် သတ်မှတ်မည့်နေရာတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပေါက်ခေါင်းပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေးကော်မတီဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ အမှာစကားပြောကြားပြီး လူနာဆောင်များ၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် သွားကျန်းမာရေးဌာနတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ပေါင်းတလည်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လူနာဆောင်များ၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် သွားကျန်းမာရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့အတူ ဒုတိယဝန်ကြီးသည် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြား၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးသည် ပေါက်ခေါင်းမြို့နယ် တောင်လည်ရွာတိုက်နယ်ဆေးရုံ၊ ပေါက်ခေါင်းပြည်သူ့ဆေးရုံ၊ ပေါင်းတလည် ပြည်သူ့ဆေးရုံနှင့် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးတို့တွင် ခရိုင်၊ မြို့နယ်နှင့် တိုက်နယ် ကျန်းမာရေးကော်မတီဝင်များ၊ ဆေးရုံအုပ်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံရာ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆရာဝန်တို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လူနာများ ဘေးအန္တရာယ် ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသများကို ဦးစားပေးဆောင်ရွက်ရန်၊ မိခင်၊ ကလေးနှင့် မွေးကင်းစ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့် ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝမ်းလျှောဝမ်းပျက်ရောဂါ

(နှိုးဆော်ချက် ၂)

မိုးရာသီတွင် သောက်သုံးရေများအတွင်းသို့ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊ သစ်သီးမှည့်အခွံများ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ကောင် များပေါများခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်းတို့ကြောင့် ပြင်းထန်သည့် ဝမ်းလျှော ဝမ်းပျက်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။

ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက

- အရည်ဝမ်းများသွားခြင်း
- အော့အန်ခြင်းတို့ကြောင့် ခန္ဓာကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားများ လျင်မြန်စွာဆုံးရှုံး၍ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ ဝမ်းလျှောဝမ်းပျက်ရောဂါကြောင့် အသက်အန္တရာယ်ထိခိုက်မှုမှ ကာကွယ်ရန် ဆုံးရှုံးသွားသည့် ရေနှင့် ဆားဓာတ်များကို အချိန်မီဖြည့်တင်းရန် လိုအပ်ပါသည်။

သို့ပါ၍ ဝမ်းလျှောဝမ်းပျက်ရောဂါ ဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာပြသ၍ ကုသမှုခံယူရန် အသိပေးတိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဆိုမာလီနိုင်ငံ အစ္စလာမ္မစ်သောင်းကျန်းသူများအဖွဲ့မှ လက်နက်ကိုင်များ ဟာရာဒီးရီးမြို့သို့ ချီတက်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီပင်လယ်ဓားပြတို့၏ ကမ်းခြေမြို့ကို သူပုန်သိမ်း

ဟာရာဒီးရီး (ဆိုမာလီ) မေ ၄

ဆိုမာလီ ပင်လယ်ဓားပြများ အခြေစိုက်ရာ ဟာရာဒီးရီးမြို့ကို ဟစ်ဘူလ်အစ္စလာမ် သောင်းကျန်းသူအဖွဲ့မှ ရာပေါင်းများစွာသော လက်နက်ကိုင်များက တနင်္ဂနွေနေ့တွင် ထိန်းချုပ်ထားလိုက်ပြီဖြစ်ကြောင်း၊ ဓားပြများ ထွက်ပြေးသွားကြကြောင်း မြို့နေလူထုက ပြောကြားသည်။

ထိုမြို့ရှိ ပင်လယ်ဓားပြတိုက်သည့်လုပ်ငန်းကို အမြစ်ဖြတ်ပစ်မည်ဖြစ်ကြောင်း၊ ဟစ်ဘူလ်အစ္စလာမ် စစ်သွေးကြွအဖွဲ့ ခေါင်းဆောင်က သတင်းထောက်များကို ပြောကြားသည်။

ဆိုမာလီနိုင်ငံကို ထိရောက်စွာကိုင်တွယ်အုပ်ချုပ်နိုင်သည့် အစိုးရအဖွဲ့မရှိသည်မှာ နှစ် ၂၀နီးပါးရှိပြီဖြစ်သည်။

သူပုန်များဝင်ရောက်မလာမီနာရီပိုင်းအလိုတွင်ရာပေါင်းများစွာသောပင်လယ်ဓားပြများသည် ဇိမ်ခံကားကြီးများဖြင့် ဟာရာဒီးရီးမြို့မှ ထွက်ခွာသွားကြကြောင်း မြို့ခံတစ်ဦးက သတင်းထောက်များကို ပြောကြားခဲ့သည်။ အတည်မပြုနိုင်သော သတင်းတစ်ပုဒ်တွင် လွန်ခဲ့သောရက်များအတွင်း ဟစ်ဘူလ်အဖွဲ့မှ လက်နက်ကိုင်များသည် ယင်းမြို့သို့ ရောက်ရှိလာကြပြီး ပင်လယ်ဓားပြလုပ်ငန်း မှရှယ်ယာများ ခွဲဝေပေးရန် တောင်းဆိုခဲ့ကြသည်ဟု အမည်မဖော်လိုသူ ပင်လယ်ဓားပြတစ်ဦးက ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

နေတိုးစစ်စခန်းကို ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်

ကဘူး မေ ၄

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းခို့(စ်)ပြည်နယ်ရှိ နေတိုးတပ်ဖွဲ့အခြေစိုက်ရာ ချက်မင်းစစ်စခန်း၏ အပြင်ဘက်တွင် အသေခံဗုံး ဖောက်ခွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ထိုစခန်းအတွင်းမှာပင် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလက အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့ခြင်းကြောင့် အမေရိကန် စီအိုင်အေအဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း ပြည်တွင်းသတင်းဌာနများက ဖော်ပြကြသည်။

ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ထားသော ကားတစ်စီးသည် စခန်း၏ အပြင်တွင် အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အရပ်သား တစ်ဦးသေဆုံးပြီး လုံခြုံရေး အစောင့်နှစ်ဦး ဒဏ်ရာရရှိကြောင်း အာဖဂန်အာဏာပိုင်များက ပြောကြားသည်။ ပေါက်ကွဲမှုမှာ အလွန်ပြင်းထန်ကြောင်း၊ ကောင်းကင်ယံ၌ မီးခိုးလုံးကြီး ဖုံးအုပ်သွားကြောင်း အနီးရှိ ဆောက်လုပ်ရေးလုပ်ငန်းမှ အသက် ၁၇ နှစ်ရှိ အလုပ်သမား ဝါလီမိုဟန်မက်က အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ထိုတိုက်ခိုက်မှုသည် ၎င်းတို့လက်ချက်ဖြစ်ကြောင်း တာလီဘန်တို့က ကြေညာခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

မက္ကဆီကို မြောက်ပိုင်း၌ လူ ၂၂ ဦးသေဆုံး

မက္ကဆီကိုစီးတီး မေ ၄

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်းဒေသများ၌ အကြမ်းဖက်လှုပ်ရှားမှုကြောင့် လူ ၂၂ ဦး သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ချီဟွာဟွာပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူ ၁၇ ဦး သေဆုံးခဲ့သည်။ မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း နူဗိုလီယွန်ပြည်နယ် တေးဂီတဖျော်ဖြေပွဲ၌ရန်းရင်းဆန်ခတ်ဖြစ်မှုကြောင့် လူ ငါးဦး သေဆုံးခဲ့သည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် ဆက်စပ်နေသော ချီဟွာဟွာပြည်နယ် ဆီဒက်ဒ်ဂျူယာရက်ဇ်မြို့ရှိ အရက်ဆိုင်၌ မေ ၂ ရက် အစောပိုင်းက ပစ်ခတ်မှုဖြစ်ပွားရာ အမျိုးသားလေးဦး သေဆုံးပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ချီဟွာဟွာပြည်နယ် ရှေ့နေချုပ်ရုံးက သတင်းထုတ်ပြန်ခဲ့သည်။

ဆီဒက်ဒ်ဂျူယာရက်ဇ်မြို့သည် မက္ကဆီကိုနိုင်ငံတွင် ရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု အများဆုံး ဖြစ်ပေါ်နေသောမြို့ဖြစ်သည်။

ယင်းမြို့၌ပင် ကားအတွင်း၌ ဘောလုံးပွဲကြည့်ရှုနေကြသော လူငယ်သုံးဦးကို သေနတ်သမားများက ပစ်သတ်ခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် အာဏာပိုင်များသည် အဝေးပြေးလမ်းမပေါ်၌ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသူ ငါးဦးကို တွေ့ရှိခဲ့သည်ဟု သတင်း၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တောမီးရှို့သူများ၏ အချက်အလက်များစုဆောင်းရန် ဩစတြေးလျ စီစဉ်လျက်ရှိ

ကင်ဘာရာ မေ ၄

တောမီးလောင်ကျွမ်းမှုများကို ကြိုတင်တားဆီးနိုင်ရန်အတွက် တောမီးရှို့သူဟု သံသယရှိသူများနှင့် ပြစ်ဒဏ်ကျခံဖူးသူများ၏ အချက်အလက်များကို စုစည်းထားရှိရန် ဩစတြေးလျနိုင်ငံက စီစဉ်နေကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြထားသည်။ ယမန်နှစ်က တောမီးလောင်ကျွမ်းမှုများကြောင့် လူ ၁၇၃ ဦးသေဆုံးခဲ့ရပြီး အိမ်အလုံး ၂၀၀၀ ကျော် ပျက်စီးဆုံးရှုံးမှုကို တုံ့ပြန်ရေးအတွက် ရှေးဦးခြေလှမ်းတစ်ရပ်ဖြစ်သည်။

ကြိုတင်စီမံ

တောမီး ကြိုတင်ကာကွယ်ရေး စီမံချက်ကို နှစ်စဉ်ကျင်းပသော တောမီးကာကွယ်တားဆီးရေး ဆွေးနွေးပွဲ၌ ရှေ့နေချုပ် ရောဘတ်မက်ကလဲလန့်က ထုတ်ပြန်ကြေညာခဲ့သည်။ ဩစတြေးလျနိုင်ငံ၌ ယမန်နှစ် ဖေဖော်ဝါရီလက ရာသီဥတုကြောင့် လောင်ကျွမ်းသော တောမီး၊ ရှို့မီးကြောင့်ဟု ယူဆရသော တောမီးလောင်ကျွမ်းမှုတို့ကြောင့် ဩစတြေးလျနိုင်ငံ တောင်ပိုင်းနေဒေသတွင် ဆုံးရှုံးမှုများရှိခဲ့ပြီးနောက်ပိုင်း တောမီးကာကွယ်တားဆီးရေးဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပသည်။

တောမီးရှို့သူဟု ယူဆရသူများ၏ ကိုယ်ရေးအချက်အလက်များကို စုဆောင်းထားခြင်းဖြင့် ၎င်းတို့၏အမည်များနှင့် နေရပ်လိပ်စာများကို အာဏာပိုင်များအနေဖြင့် သိရှိနိုင်မည်ဖြစ်ကြောင်း ဖော်ထုတ်ပေးနိုင်မည်ဟု မက်ကလဲလန့်က ပြောကြားသည်။ ဩစတြေးလျနိုင်ငံတွင် နှစ်စဉ်လောင်ကျွမ်းသော တောမီးများအနက် ထက်ဝက်ခန့်မှာ ရှို့မီးကြောင့်ဖြစ်သည်ဟု သတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းလွန်၌ ဟောင်ကောင် ကုန်တင်သင်္ဘောနစ်မြုပ်

ကျိုနန် မေ ၄

ဟောင်ကောင် ကုန်တင်သင်္ဘောတစ်စင်းသည် လိုင်ဘေးရီးယားနိုင်ငံ၌ မှတ်ပုံတင်ထားသော ကုန်တင်သင်္ဘောတစ်စင်းနှင့် တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်ပြည်နယ် ဝေဟိုင်မြို့ ကမ်းလွန်၌ တိုက်မိပြီး မေ ၂ ရက်ကနစ်မြုပ်ခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

ပြောကြား

သင်္ဘောနှစ်စင်းသည် နံနက် ၅ နာရီ ၂၃ မိနစ်တွင် တိုက်မိခဲ့ပြီး အဆိုပါ သင်္ဘောနှစ်စင်းပေါ်ရှိ သင်္ဘောသား ၄၆ ဦးစလုံး အသက်အန္တရာယ် ထိခိုက်မှုမရှိကြောင်း ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေးဗျူရိုက ပြောကြားခဲ့သည်။

ကယ်တင်နိုင်

အခင်းဖြစ်ပွားချိန်ကမြူအုပ်ဆိုင်းလျက်ရှိကြောင်း၊ ဟောင်ကောင်မှတ်ပုံတင် ဘရိုက်စင်ကျူရီသင်္ဘောပေါ်မှ တရုတ်သင်္ဘောသား ၂၃ ဦးနှင့် လိုင်ဘေးရီးယားမှတ်ပုံတင်စီးဆာဆက် သင်္ဘောပေါ်မှ အိန္ဒိယ သင်္ဘောသား ၂၃ ဦးစလုံးတို့ကို နေ့လယ်ပိုင်းတွင် အောင်မြင်စွာကယ်တင်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

စီးဆာဆက်သင်္ဘောဦးပိုင်းမှာ ပျက်စီးသွားပြီးရေများဝင်လာသော်လည်း ယခုအချိန်အထိ နစ်မြုပ်ခြင်း မရှိပေ။

အဆိုပါ သင်္ဘော၏ အခြေအနေကို စောင့်ကြည့်ရန် ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေးဗျူရိုက သင်္ဘောတစ်စင်းစေလွှတ်ထားသည်။ စီးဆာဆက်သင်္ဘောကို ဆိပ်ကမ်းသို့ ဆွဲယူရန် ကုန်ကျစရိတ်ကို သင်္ဘောပိုင်ရှင်နှင့် ယခုအချိန်အထိ ညှိနှိုင်းနေဆဲဖြစ်သည်။

ထိုသင်္ဘောနှစ်စင်း တိုက်မိရသည့် အကြောင်းရင်းကို တရုတ်ရေကြောင်း အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မောင်းသူမဲ့လေယာဉ်၏ ဒုံးကျည်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်ဟု သတင်းထွက်ပေါ်ခဲ့သော ပါကစ္စတန်တာလီဘန်ခေါင်းဆောင် ဟာကီမူလာမာဆွတ်ကို မေ ၄ ရက်က ထွက်ပေါ်လာသည့် ဗီဒီယိုခွေတွင် တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်မြို့ကြီးများကို တိုက်ခိုက်မည်ဟု မာဆွတ်ခြိမ်းခြောက်

အစ္စလာမ္မာဘတ် မေ ၄

အမေရိကန်မောင်းသူမဲ့လေယာဉ်၏ ဒုံးကျည် ပစ်ခတ်မှုကြောင့် ပါကစ္စတန် တာလီဘန်ခေါင်းဆောင် ဟာကီမူလာမာဆွတ် သေဆုံးသွားပြီဟု သတင်းများ ထွက်ပေါ်ခဲ့ပြီး လအနည်းငယ်အကြာတွင် အမေရိကန်မြို့ကြီးများကို တိုက်ခိုက်မည်ဟု မာဆွတ်က ခြိမ်းခြောက်ပြောကြားနေပုံကို ရိုက်ကူးထားသော ဗီဒီယိုတိပ်ခွေနှစ်ခွေ တနင်္လာနေ့က ထွက်ပေါ်လာသည်။

သက်သေထူ

နယူးယောက်မြို့တွင် ကားဗုံးတစ်လုံးတွေ့ရှိခဲ့ပြီးနောက် ၎င်းဗီဒီယိုခွေများ ထွက်လာခြင်းဖြစ်သည်။ ပါကစ္စတန် တာလီဘန်ခေါင်းဆောင် ဟာကီမူလာမာဆွတ်သည် အမေရိကန်တို့၏ တိုက်ခိုက်ခြင်းမှ အသက်မသေ လွတ်မြောက်ခဲ့ကြောင်း ယင်းဗီဒီယိုခွေများက သက်သေထူလိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

လက်တုံ့ပြန်

အစ္စလာမ္မစ်ခေါင်းဆောင်များသေဆုံးရခြင်းအတွက် အမေရိကန်ပြည်ထောင်စုကို လက်တုံ့ပြန်မည်ဟု မာဆွတ်က ခြိမ်းခြောက်ခဲ့သည်။

အမေရိကန်နိုင်ငံ ပြည်နယ်များ၏ မြို့တော်ကြီးများကို ပါကစ္စတန် တာလီဘန်အဖွဲ့မှ တိုက်ခိုက်ရေးသမားများက တိုက်ခိုက်မည့်အချိန်သည် နီးကပ်လာပြီဖြစ်ကြောင်း လက်နက်ကိုင် မျက်နှာဖုံးစွပ် သောင်းကျန်းသူနှစ်ဦး ဘေးတွင် ရံထားသော မာဆွတ်က ပြောကြားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

ကီယာနှင့် ဟွန်ဒိုင်းကားများ ဧပြီလ၌ ရောင်းအားတိုးမြင့်

ဆိုးလ် မေ ၄

တောင်ကိုရီးယားနိုင်ငံရှိ ဟွန်ဒိုင်းကားကုမ္ပဏီနှင့် ၎င်း၏ကုမ္ပဏီခွဲဖြစ်သော ကီယာကားကုမ္ပဏီတို့မှ ထုတ်လုပ်သော ကားများသည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ၌ ဝယ်လိုအားတိုးမြင့်လာသဖြင့် ယမန်နှစ်မှစ၍ ယခုနှစ်ဧပြီလအထိ ရောင်း အားတိုးလာခဲ့သည်ဟု အဆိုပါကုမ္ပဏီများက မေ ၃ ရက်တွင် ပြောကြားခဲ့သည်။ ဟွန်ဒိုင်းကားကုမ္ပဏီသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဧပြီလအထိ ရောင်းအား ၂၇ ဒသမ ၆ ရာခိုင်နှုန်း တိုးလာပြီး စုစုပေါင်းကားစီးရေ ၃၁၀၃၉၆ စီးရောင်းချခဲ့ရသည်ဟု ထိုကုမ္ပဏီက ပြောကြားခဲ့သည်။

ပြည်တွင်း၌ ကားစီးရေ ၅၅၃၃၉ စီးရောင်းချခဲ့ရပြီး ၁၆ ဒသမ ၉ ရာခိုင်နှုန်း ရောင်းအား တက်လာခဲ့သည်။ ပြည်ပဈေးကွက်၌လည်း ၂၅၅၀၅၇ စီး ရောင်းချနိုင်ခဲ့ပြီး ဝယ်လိုအား ၃၀ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်ဟု အဆိုပါကုမ္ပဏီက ပြောကြားသည်။

ဟွန်ဒိုင်းကုမ္ပဏီခွဲ ကီယာကားကုမ္ပဏီသည် တောင်ကိုရီးယားနိုင်ငံ၌ ဒုတိယအကြီးဆုံး ကားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်ပြီး ဧပြီလက ကားစီးရေ ၁၇၄၅၈၀ ရောင်းချခဲ့ရပြီး ယမန်နှစ်ကထက် ၄၈ ဒသမ ၆ ရာခိုင်နှုန်း ရောင်းအား တိုးမြင့်ခဲ့သည်ဟု ကုမ္ပဏီက ပြောကြားသည်။

ပြည်ပဈေးကွက်၌ ကားစီးရေ ၁၃၆၀၆၇စီးရောင်းချခဲ့ရပြီး ရောင်းအား ၅၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာကာ ပြည်တွင်းဈေးကွက်၌ ကားဝယ်လိုအား ၃၂ဒသမ ၈ရာခိုင်နှုန်းတိုးမြင့်ခဲ့၍ ၃၈၅၁၃ စီး ရောင်းချခဲ့ရသည်ဟု ယင်း ကုမ္ပဏီက ပြောကြားခဲ့သည်။**အမ်အင်အေ၊ဆင်ဟွာ။**

ဩစတြေးလျနိုင်ငံ ဘန်ယစ်ပြည်နယ် တောအုပ်၌ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့ တောမီးလောင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နိုင်ငံ ဆွက်တောင်ကြားရှိ မင်ဂိုရာမြို့ဈေး၌ အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အပျက်အစီးများကို မေ ၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တိုင်းမ်စကွဲလမ်းဆုံ ဗုံးခွဲရန်ကြံစည်မှုတွင် ပတ်သက်ဖွယ်ရှိသူများအား ပါကစ္စတန်ဖမ်းဆီး

အစ္စလာမ္မာဘတ် မေ ၄

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ တိုင်းမ်စကွဲလမ်းဆုံ၌ ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်မှုနှင့် ပတ်သက်ဖွယ်ရှိသူများအား ပါကစ္စတန်နိုင်ငံက အင်္ဂါနေ့က ဖမ်းဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဗုံးခွဲရန်ကြံစည်မှုတွင် အဓိကပါဝင်သူဟု ယူဆရသော ပါကစ္စတန်နွယ်ဖွားအမေရိကန်နိုင်ငံသား ဖိုင်ဆယ်ရှာဇက်ဒ်၏ မိသားစုဝင်အချို့ကို ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းအပြင် ရှာဇက်ဒ်၏ မိတ်ဆွေတစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖိုင်ဆယ်ရှာဇက်ဒ်ကို တနင်္လာနေ့က အမေရိကန်နိုင်ငံ ဂျွန်အက်ဖ်ကနေဒီလေဆိပ်၌ ဖမ်းဆီးခဲ့သည်။ ဒူဘိုင်းမြို့သို့ ထွက်ခွာခါနီးဆဲဆဲတွင် ၎င်းကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

လေ့ကျင့်မှုပြုလုပ်

ပါကစ္စတန် ထောက်လှမ်းရေးတာဝန်ရှိသူများ၏အဆိုအရ ဖိုင်ဆယ်ရှာဇက်ဒ်သည် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ စစ်သွေးကြွခြေကုပ်စခန်းများတွင် လေ့ကျင့် မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အင်တာနက်။

အေသင်မြို့ရှိ ဗြိတိသျှဘဏ်၌ ဗုံးပေါက်ကွဲ

အေသင် မေ ၄

ဂရိနိုင်ငံ အေသင်မြို့ မြောက်ပိုင်းရှိ ဗြိတိသျှဘဏ်ခွဲတစ်ခု၌ မေ ၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ဂရိအစိုးရသည် ပြည်တွင်းဘဏ်လုပ်ငန်းများ မယိုင်လဲရေးအတွက် ဥရောပသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့တို့မှ ဘဏ္ဍာရေးဆိုင်ရာ အကူအညီရယူရန် ငွေကြေးလဲလှယ်ရာတွင် ပြင်ဆင်သည့် နှုန်းသစ်ကို ကြေညာခဲ့ပြီးနောက် အဆိုပါ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုတို့ကို ဖော်ပြခြင်းမရှိချေ။

ထုတ်ပြန်

ပြည်တွင်းဖြစ်ဗုံးဖြစ်ပြီး လူစည်ကားသော စားသောက်ဆိုင်အနီးထောင်ထားခြင်းဖြစ်ကြောင်း၊ ဗုံးမပေါက်မီ ဖုန်းဖြင့် သတင်းပေးခြင်းလည်း မရှိကြောင်း ပြည်တွင်း ရုပ်မြင်သံကြားလိုင်းက သတင်းထုတ်ပြန်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂရိနိုင်ငံ အေသင်မြို့ရှိ အိတ်ချ်အက်စ်ဘီစီဘဏ်၏ ဘဏ်ခွဲတစ်ခု၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအား ရှင်းလင်းနေသည်ကို မေ ၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယီမင်၌ ဗုံးပေါက်ကွဲ ရှစ်ဦးဒဏ်ရာရ

ဆာနား မေ ၄

ယီမင်နိုင်ငံ ဆာနားမြို့ ရှယောက်ခရိုင်ရှိ ဆိုင်တစ်ဆိုင်အတွင်းသို့ အကြမ်းဖက်သမားတစ်ဦးက လက်ပစ်ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ရှစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

စနေနေ့ ညပိုင်းက ဖော်ဆောင်ဆိုင်ကယ်စီး မျက်နှာဖုံးစွပ် အကြမ်းဖက်သမားနှစ်ဦးရောက်ရှိလာပြီး တစ်ဦးသည် စတိုးဆိုင် တစ်ခုအတွင်းသို့ လက်ပစ်ဗုံးပစ်သွင်းခဲ့သည်ဟုဆိုသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ခဲ့ပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆွက်တောင်ကြား မင်ဂိုရာမြို့၌ ဗုံးပေါက်ကွဲ၊ လေးဦးသေဆုံး

မင်ဂိုရာ(ပါကစ္စတန်) မေ ၄

ပါကစ္စတန်နိုင်ငံ ဆွက်တောင်ကြားဒေသရှိ စည်ကားသော ဈေးတစ်ခု၌ စနေနေ့ နံနက်ပိုင်းက ဗုံးပေါက်ကွဲရာ လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် ဆွက်တောင်ကြားဒေသ မင်ဂိုရာမြို့ရှိ ဈေးကြီး၌ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။ ဗုံးကိုဈေးအတွင်း ထောင်ထားပြီး ပြင်းထန်သော ပေါက်ကွဲမှုကြောင့် ဈေးဆိုင်များလည်း ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့် နေရာဝန်းကျင်ကို လုံခြုံရေး တပ်ဖွဲ့များ ဝန်းရံပိတ်ဆို့ထားပြီး ဒဏ်ရာရရှိသူများကို အနီးရှိ ဆိုင်ဒူရှာရစ်ဖ်ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွား

မင်ဂိုရာမြို့ဂရင်းချောက်၌ အသေခံဗုံးခွဲမည့်သူတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး မကြာမီ ယင်းဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုမာလီ၌ ဗုံးပေါက်ကွဲ၊ လူနှစ်ဦးထက်မနည်းသေဆုံး

မိုဂါဒစ်ရှူး မေ ၄

ဆိုမာလီနိုင်ငံ ကစ်မာယိုမြို့တောင်ပိုင်း၌ လက်လုပ်ဗုံးပေါက်ကွဲရာ လူနှစ်ဦးထက်မနည်း သေဆုံးပြီး ၁၁ ဦးနှင့်အထက် ဒဏ်ရာရရှိခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများနှင့် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အယ်လ်ရှာဘတ်အဖွဲ့က ထိန်းချုပ်ထားသော ယင်းမြို့၌ မေ ၂ ရက် ညပိုင်းက ဗုံးပေါက်ကွဲခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများ၏ပြောကြားချက်ကို ကိုးကား၍ သတင်းများတွင် ဖော်ပြသည်။

အယ်လ်ရှာဘတ်အဖွဲ့မှ တစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဟု အဆိုပါအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မိုဂါဒစ်ရှူးမြို့တော်၌ မေ ၁ ရက်က ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာလူ ၅၀ ထက်မနည်းသေဆုံးပြီး ၁၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ဆိုမာလီနိုင်ငံ၌ ၁၉၉၁ ခုနှစ်ကစ၍ ထြဇာအာဏာရှိသော ဗဟိုအစိုးရ မရှိကြောင်း၊ နိုင်ငံလူဦးရေ ၃ ဒသမ ၈ သန်းအနက် ထက်ဝက်သည် စားနပ်ရိက္ခာ အကူအညီများ အဆောတလျင် လိုအပ်လျက်ရှိကြောင်း၊ ဗဟိုအစိုးရပြိုလဲသွားစဉ်ကတည်းက စစ်ဒဏ်ကြောင့် ပျက်စီးနေသော မိုဂါဒစ်ရှူးမြို့၌ တိုက်ပွဲများဖြစ်လာကြောင်း သတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုမာလီနိုင်ငံ ကစ်မာယိုမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သောနေရာကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကုသမှုမခံယူသောကြောင့် အမေရိကန်ကလေးငယ်များ အသည်းရောဂါခံစားကြရ

လော့စ်အိန်ဂျလိစ် မေ ၄

အမေရိကန်နိုင်ငံရှိ ကလေးငယ်များသည် အသည်းပျက်စီးခြင်းနှင့် အသည်းကင်ဆာရောဂါမှအစ အသည်းရောင်အသားဝါရောဂါများ ခံစားရနိုင်ကြောင်း၊ အဆိုပါကလေးငယ်များသည် ဖျားနာစဉ်က ဆေးစစ်မှုနှင့် ကုသမှုမခံယူခြင်းတို့ကြောင့် အသည်းရောင်ရောဂါပိုးကူးစက်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သတိပေးခဲ့သည်။

အမေရိကန်နိုင်ငံတွင် ကလေးငယ် ၀ ဒသမ ၂ ရာခိုင်နှုန်းမှ သုညဒသမ ၄ ရာခိုင်နှုန်းကြား အသည်းရောင်စီပိုးကူးစက်ခံခဲ့ရကြောင်း လေ့လာတွေ့ရှိခဲ့သည်။

အသည်းရောင်စီပိုးရှိသူကလေးငယ်များအနက် ၁ ဒသမ ၂ ရာခိုင်နှုန်းသည် ဆေးဝါးကုသမှုခံယူလျက်ရှိသည်ဟု နယူးအော်လင်းစ်မြို့၌ မေ ၂ ရက်က ကျင်းပသော အစာအိမ်ရောဂါ ဆွေးနွေးပွဲ၌ သုတေသနပညာရှင်များက တင်ပြခဲ့သည်။

အင်တာနက်။

စင်ကာပူနိုင်ငံမှ ကုန်သေတ္တာတင်သင်္ဘောကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကုန်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြတို့ရန်မှ အီရန်စစ်သင်္ဘော ကယ်တင်

တီဟီရန် မေ ၄

အေဒင်ပင်လယ်ကွေ့အတွင်း ကင်းလှည့်နေသော အီရန်ရေတပ်သင်္ဘောတစ်စင်းသည် တနင်္ဂနွေနေ့က ကုန်သေတ္တာတင် သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြတို့၏ ပြန်ပေးဆွဲမှုရန်မှ ကယ်တင်နိုင်ခဲ့သည်။

အလစ်တိုက်ခိုက်

စင်ကာပူနိုင်ငံမှ ဓာတ်သတ္တုများတင်ဆောင်လာပြီး စူးအက်တူးမြောင်းကို ဖြတ်သန်းမည့် "အတ္တလန္တစ်" ကုန်သေတ္တာတင်သင်္ဘောကို ပင်လယ်ဓားပြလှေ အစင်း ၂၀ ကျော်က အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ရင်ဆိုင်မိ

ပင်လယ်ဓားပြများသည် သင်္ဘောပေါ်သို့ တက်ရန်ကြိုးပမ်းနေစဉ် ယင်းရေပြင်အနီး၌ ကင်းလှည့်နေသော အီရန်စစ်သင်္ဘောတစ်စင်း ရောက်လာကာ ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားခဲ့သည်။

ကြေညာချက်ထုတ်ပြန်

နှစ်ဖက်အပြင်းအထန်တိုက်ပွဲ ဖြစ်ပွားပြီးနောက် ပင်လယ်ဓားပြများသည် အိုမန်ကမ်းခြေဆီသို့ ထွက်ပြေးခဲ့ကြသည်ဟု အီရန်ရေတပ်က တနင်္ဂနွေနေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

ကြိုးစားလာ

မကြာသေးမီ နှစ်များအတွင်းမှစ၍ ဆိုမာလီပင်လယ်ဓားပြများသည် အိန္ဒိယသမုဒ္ဒရာနှင့် အေဒင်ပင်လယ်ကွေ့အတွင်း ကုန်သင်္ဘောများမှသည် လောင်စာဆီတင်သင်္ဘောများအထိ ပြန်ပေးဆွဲရန် ကြိုးစားလာကြသည်။

အမ်အင်အေ၊ရိုက်တာ။

အလင်းရိပ်အောက်မှာအေးမြပြီ ‥ မေယုနဒီရဲ့ရသေ့တောင်ဆီ

ဒီနေ့ဟာ ရသေ့တောင်မြို့သား ကိုမောင်စိုးမြာအတွက် အပျော်ဆုံးနေ့ရက်တွေပဲဖြစ်ပါတယ်။ သိတတ်တဲ့ အရွယ်ကစပြီး ဒီအသက်အရွယ်အထိ သဘာဝလောကကြီးနဲ့ အလင်းရောင်ကို ကောင်းကောင်းမခံစားခဲ့ရဖူးပါဘူး။

လူပိုတစ်ယောက်မဖြစ်လိုတာကြောင့် ရပ်ထဲရွာထဲမှာ ကိုယ်နိုင်သမျှအလုပ်ကလေးတွေ လုပ်ကိုင်ပေးရင်းနဲ့ ဘဝကိုကြွံကြွံခံ ရင်ဆိုင်ရပ်တည်နေခဲ့ရပါတယ်။ ဟော . . . အခုတော့ ကံထူးသူ ကိုမောင်စိုးမြာ မျက်စိပြန်မြင်ရပါပြီ။ နှစ်ပေါင်း ၃၉ နှစ်လုံးလုံး အမှောင်ဖုံးနေရာက လင်းလက်တောက်ပခဲ့ရပါပြီ။ နေကာမျက်မှန်လေးတဝင့်ဝင့်နဲ့ လူတကာကိုလိုက်ပြီး နှုတ်ဆက်နေရှာတဲ့ ကိုမောင်စိုးမြာရဲ့ အပျော်တွေက အားလုံးဆီကို ကူးစက်သွားခဲ့ရပါတယ်။

တာဝန်ရှိသူတွေ၊ အလှူရှင်နဲ့ မျက်စိအထူးကုအဖွဲ့အားလုံးကို ကျေးဇူးတင်တဲ့အကြောင်း တစ်လောကလုံးကြားအောင် ရင်ထဲရှိသမျှ ဖွင့်ဟလို့ ပြောလိုက်ချင်ပါရဲ့လို့ တွေးနေစဉ်မှာပဲ အောင်ပွဲအခမ်းအနား စတင်ကြောင်း ကြေညာသံကြားလိုက်ရပါတယ်။ တာဝန်ရှိသူတွေရဲ့ ရင်တွင်းပီတိစကား၊ ဒေသခံတွေရဲ့ ကျေးဇူးတင်စကားပြောအပြီးမှာတော့ မျက်စိခွဲစိတ်ခံ လူနာတစ်ဦးက ကျေးဇူးတင်စကားပြောပေးဖို့ ဖိတ်ခေါ်သံကြားလိုက်ရတဲ့အခါ ကိုမောင်စိုးမြာ ရုတ်တရက်ထရပ်လိုက်ပါတယ်။ ဘယ်သူမှမတားနိုင်ခင်မှာဘဲ မိုက်ကရိုဖုန်းရှိရာကို ခြေလှမ်းကျဲကြီးနဲ့ လျှောက်သွားပြီးတဲ့နောက် သူ့ရင်ထဲက စကားလုံးတွေက အတားအဆီးမရှိ ခုန်ထွက်လာပါတော့တယ်။

"အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။ အခု ကျွန်တော့်မျက်စိပြန်မြင်ရပါပြီ။ ကျွန်တော့်ဘဝ၊ ကျွန်တော့်ကမ္ဘာမှာ အလင်းရောင်ကွယ်ပျောက်ပြီး အမှောင်လမ်းမှာ စမ်းတဝါးဝါးလျှောက်လှမ်းခဲ့ရတဲ့ နေ့ရက်တွေကုန်ဆုံးပျောက်ကွယ်ခဲ့ရပါပြီ။ ကျွန်တော့်မျက်စိကို ကုသဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ ပါတယ်။ မမြင်နိုင်တော့ဘူးရယ်လို့ အားလုံးကသတ်မှတ်ခဲ့ကြပေမယ့် မြင်ချင်လွန်းတဲ့ စိတ်ဆန္ဒနဲ့ ဖွဲမလျှော့ခဲ့လို့သာ အခုလိုနေ့ရက်တွေကို ပိုင်ဆိုင်ခဲ့ရတာပါ"လို့ အစချီပြီးတော့ စကားလုံးလှလှတွေနဲ့ အထစ်အငေါ့မရှိ ပြောသွားခဲ့ပါတယ်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိပေမယ့် စကားလုံးတိုင်းဟာ ရင်တွင်းခံစားချက်အစစ်အမှန်တွေမို့ ကြားရသူတိုင်း ဝမ်းသာဝမ်းနည်း မျက်ရည်စို့ခဲ့ကြရပါတယ်။

တကယ်တော့ ကိုမောင်စိုးမြာရဲ့ မျက်စိနှစ်လုံးဟာ အတွင်းတိမ်ကြောင့် နှစ်ပေါင်းများစွာ မမြင်ခဲ့ရသလို မျက်စိအာရုံကြောတွေကလည်း သိပ်အလုပ်မလုပ်ကြတော့ပါဘူး။ မျက်စိဟာ ဘေးတိုက်တုန်ခါနေပြီး ဦးနှောက်နဲ့ မျက်စိရဲ့ ထိန်းချုပ်ဆက်သွယ်မှုဟာလည်း အားနည်းနေခဲ့ပါပြီ။ ဒါကြောင့် ခွဲရင်မြင်ပါ့မလား ဆိုတာကိုတိတိကျကျ အဖြေမပေးနိုင်ခဲ့ပါဘူး။ တစ်ဖက်ကကြည့်တော့လည်း အခုလို မျက်စိအထူးကုအဖွဲ့ကြီး ရသေ့တောင်မြို့လေးကို လာရောက်ပြီး လူစုလူဝေးကြီးကို တစ်ပြိုင်နက်တည်း ခွဲစိတ်ကုသပေးနိုင်ဖို့ဆိုတာ တစ်သက်မှာတစ်ခါသာ မက်ဖူးတဲ့အိပ်မက်တွေလို့ ဆိုရမှာပါ။ ဒီကြားထဲ ကာယကံရှင်က **"မြင်ရသလောက်နဲ့ ကျေနပ်မှာပါ။ အလင်းရောင်လေးမြင်ရရင်ကိုတော်ပါပြီ၊ ကျွန်တော့်ကို ခွဲပေးပါနော်"** ဆိုပြီး သနားစဖွယ်ပြောနေပြန်တော့ ဒီအတိုင်းထားခဲ့တာနဲ့စာရင် နည်းနည်းမြင်ရလည်း အမြတ်ပဲဆိုပြီး ဆုံးဖြတ်ခဲ့ကြတာပါ။ ဒါပေမယ့် ခွဲစိတ်အပြီးမှာ အံ့သြစရာကောင်းလောက်အောင် မျက်စိနှစ်ဖက်လုံးပြန်မြင်သွားရတော့ ကိုမောင်စိုးမြာ တစ်ယောက် ဘဝသစ်၊ အမြင်သစ်မှာ အခုလိုဝမ်းသာပျော်ရွှင်နေခဲ့တာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာပဲ ရသေ့တောင်ခရီးစဉ် စတင်ဖြစ်ပေါ်ခဲ့ပုံလေးကို အနည်းငယ်ပြောပြချင်ပါတယ်။ ၂၀၀၇ ခုနှစ်မှာ ပါမောက္ခဒေါက်တာ ဦးကံညွန့်ဦးဆောင်တဲ့ မျက်စိအထူးကုအဖွဲ့ မင်းပြားမြို့ခရီးစဉ်ကို သွားရောက်ခဲ့ကြပါတယ်။ အပြန်မှာ အလိုတော်ပြည့်ဆရာတော်ကြီးကို ဖူးမြော်တွေ့ဆုံခဲ့တဲ့အခါ ဆရာတော်ကြီးရဲ့ ဇာတိမြို့ဖြစ်တဲ့ ရသေ့တောင်မြို့လေးမှာ မျက်စိကုသပေးဖို့ မိန့်ကြားခဲ့တဲ့အတွက် ကတိတွေ ပေးခဲ့ကြပါတယ်။

အဲ့ဒီနောက်မှာ ရခိုင်ဒေသအနှံ့အပြားကို သွားရောက်ခဲ့ကြပေမယ့် ရသေ့တောင်ခရီးစဉ်ကို မစတင်နိုင်ခဲ့ကြပါဘူး။ ၂၀၁၀ ခုနှစ်ကို ရောက်မှပဲ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့ရဲ့ စီစဉ်ပေးမှု၊ အလှူရှင်တွေရဲ့ကူညီပံ့ပိုးမှုတွေနဲ့ ရသေ့တောင်မြို့လေးဆီကို ရောက်ခဲ့ရပါတော့တယ်။ ကျွန်မတို့အဖွဲ့ကို ပါမောက္ခဒေါက်တာ ဦးတင်ဝင်း ဦးဆောင်ပြီး ပါမောက္ခဒေါက်တာ ဦးကံညွန့်လိုက်ပါလျက် မျက်စိအထူးကုဆရာဝန်၊ ဆရာမများနဲ့ အလှူရှင်တွေလိုက်ပါလာခဲ့ကြပါတယ်။

ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ ပလက်ဝစတဲ့ဒေသတွေက တိုင်းရင်းသားပေါင်းစုံ လာရောက်ပြသခဲ့ကြပါတယ်။ မျက်စိဝေဒနာရှင် စုစုပေါင်း ၅၅၉၄ ဦးကို စမ်းသပ်ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ်ဝေဒနာရှင် ၈၆၈ ဦး အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့တာကြောင့် ခရီးစဉ်အားလုံးရဲ့ စံချိန်သစ်တင်နိုင်ခဲ့တဲ့ပွဲဆိုလည်း မမှားပါဘူး။ ရသေ့တောင်မြို့အတွင်းမှာကို ရခိုင်၊ မြို၊ သက်၊ ခမီ၊ ချင်း စတဲ့ တိုင်းရင်းသားလူမျိုးစုတွေ ပေါင်းစည်းနေထိုင်ကြတာမို့ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပေးနိုင်ခဲ့တယ်လို့ ဆိုရမှာပါပဲ။ တစ်ချိန်က ရသေ့တစ်ပါး ဂူအောင်းကျင့်ကြံနေထိုင်ခဲ့တဲ့တောင်ကို အစွဲပြုပြီးရသေ့တောင်မြို့ရယ်လို့ အမည်တွင်ခဲ့ကြောင်းသိရတဲ့၊ ရသေ့တောင်ချောင်းနဲ့ မေယုမြစ်ကမ်းနဖူးအဆုံးမှာရှိတဲ့ ရသေ့တောင်မြို့လေးကို ရောက်ခိုက်မှာ ရသေ့တောင်ဘုရားကို သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းဘဝဖြစ်စဉ်အခါက ကျင်လည်နေထိုင်ခဲ့ဖူးတဲ့ မေယုမြစ်အနီး ရာဇပဗ္ဗတတောင်ပေါ်မှာ မြတ်စွာဘုရားရဲ့ ဦးကင်းတော် "ဓာတ်"ကို စေတီအဖြစ်တည်ဖို့ ဗျာဒိတ်ပေးခဲ့တဲ့အတွက် ဓညဝတီခေတ် သူရိယစက္ကမင်း တည်ခဲ့တဲ့ဘုရားလို့ဆိုပါတယ်။ ဘုရားပွဲအချိန် အလွန်စည်ကားလှပြီး စစ်တွေ၊ ပုဏ္ဏားကျွန်းနဲ့ အနီးအနားက ဘုရားဖူးတွေရိက္ခာအပြည့်တင်ပြီး လှေကြီးလှေငယ်တွေနဲ့လာကြတာ အလွန်ပျော်စရာကောင်းတယ်လို့ သိရပါတယ်။ အလာခရီးမှာတုန်းက မိုးဆီကျွန်းပေါ်မှာရှိတဲ့ မြတ်စွာဘုရားရဲ့ လက်ဝဲပါဒခြေတော်ရာကို အဝေးကဖူးမြော်ခဲ့ကြပါတယ်။ နဂါးမင်း (ရမ္မဒါ) စောင့်ရှောက်တဲ့ မြတ်စွာဘုရားရဲ့ ခြေတော်ရာဖြစ်လို့ အလွန်ထူးဆန်းအံ့သြဖွယ်ရာတွေနဲ့ ပြည့်နေတယ်လို့ဆိုပါတယ်။ ဧပြီလ ၂၂ ရက်နေ့မှာတော့ အလိုတော်ပြည့်ဆရာတော်ကြီးက လိုက်ပါပို့ဆောင်ပေးခဲ့တဲ့အတွက် အားပါးတရ ဖူးမြော်ခွင့်ရခဲ့ပါတယ်။ ဒီတော့လည်း စာဖွဲ့၊ ကဗျာဖွဲ့လို့မဆုံးနိုင်တဲ့ မေယုမြစ်ကြီးနဲ့ ခြေတော်ရာမြစ်ကြီးတို့ ပေါင်းဆုံတည်ရှိနေတဲ့ မိုးဆီကျွန်းဆီကို ရောက်ခဲ့ရပြန်ပြီပေါ့။ ပါဒခြေတော်ရာကအပြန်မှာ ဓညဝတီသင်္ဘောကြီးပေါ်မှာ ကျွန်မတို့ အားလုံးတပျော်တပါး သီချင်းတွေဆိုခဲ့ကြတယ်။ ဒေါက်တာမိုးကျော်က "မဟာနွယ်" သီချင်းကိုဆိုတဲ့အခါ "လာပါလာ ‥ ရောက်အောင်လာ၊ ရခိုင်ဆိုတာ အမြဲရှိနေမှာ၊ လာပါလာ . . . ရောက်အောင်လာ၊ ရခိုင်စည်တော်ကြီးတီးချိန်မှာ" ဆိုတဲ့အပိုဒ်ကိုရောက်တော့ အားလုံးဝိုင်းဆိုလိုက်ကြတော့ ကြက်သီးများတောင် ထမိပါရဲ့။

ဟုတ်ပါတယ်။ ရခိုင်ဆိုတာ အမြဲရှိနေမှာဖြစ်သလို မြန်မာဆိုတာလည်း ထာဝရတည်ရှိနေမှာပါပဲ။ မြန်မာဆိုတဲ့ စကားလုံးလေးထဲမှာကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဆိုပြီးတော့ တိုင်းရင်းသားလူမျိုးတွေ စုစည်းပေါင်းစည်းနေကြတာမို့ လူမျိုးရယ်၊ ဘာသာရယ်၊ အသွေးအရောင်ရယ်မခွဲခြားဘဲ စကြဝဠာကောင်းကင်ကြီးရဲ့ အရိပ်အောက်မှာ ကျွန်မတို့အားလုံး အတူတကွ ရှိနေကြတာပါ။ အဲဒီလိုတည်တံ့ခိုင်မြဲလှတဲ့ ကောင်းကင်ပြာကြီးအောက်က ဘယ်သူမှခွဲထွက်လို့မရနိုင်သလို ကျွန်မတို့တိုင်းရင်းသားတွေအားလုံးရဲ့ တွဲသောလက်တွေမြဲခိုင်စေဖို့ ကျွန်မတို့ခရီးစဉ်တွေရဲ့ အလင်းအောင်ပွဲတွေက အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်နိုင်ခဲ့ရပါပြီ။

အောင်ပွဲအခမ်းအနားမှာ ဆရာကြီးဒေါက်တာဦးကံညွန့်က ရခိုင်လူထုကို ရခိုင်ဘာသာနဲ့ ပီတိစကားတွေပြောပြီး ဒေါက်တာမိုးကျော်ကလည်း ခွဲစိတ်ပြီးနောက် ဆောင်ရန်ရှောင်ရန်တွေကို ရခိုင်လိုပြောပါတယ်။ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြတဲ့ လူအုပ်ကြီးရဲ့ နှလုံးအိမ်ထဲမှာ အားကိုးယုံကြည်မှု၊ ငြိမ်းချမ်းပျော်ရွှင်မှု စတဲ့ခံစားမှုတွေနဲ့ ထပ်တူထပ်မျှပါပဲ။ အလှူရှင်တွေဖြစ်တဲ့ ဦးအောင်မြတ် (Mother Trading Company)၊ ဦးဝင်းလွင်(ကျော်သာ) ကုမ္ပဏီ၊ ဒေါက်တာမောင်မောင်အေး(မိုးထက်ကမ္ဘာ) ကုမ္ပဏီတို့အားလုံး ပီတိတွေနဲ့ ကြည်နူးကျေနပ်နေကြပါတယ်။ ဒီခရီးစဉ်ဟာ ရသေ့တောင်မြို့လေးအတွက်တော့ နှစ်ပေါင်းများစွာမှာ တစ်ကြိမ်သာကြုံခဲ့ဖူးတဲ့ မဟာအခွင့်အရေးဖြစ်သလို ရခိုင်ပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုတဲ့ အထူးအောင်ပွဲပါလို့လည်း ထပ်တလဲလဲပြောနေခဲ့ကြပါတယ်။

ကျွန်မတို့ မျက်စိဆရာဝန်တွေအတွက်လည်း အခြားခရီးစဉ်တွေထက် ထူးခြားခဲ့တယ်လို့ဆိုရမှာပါ။ အသက် (၁၀)နှစ်၊ (၁၂)နှစ်အရွယ် ထိခိုက်ဒဏ်ရာရတဲ့ ကလေးငယ်တွေကနေ အသက် (၁၀၄)နှစ်အရွယ် အမေကြီးအထိ ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ မြန်မာစကားရော၊ ရခိုင်စကားပါမတတ်တဲ့ ကမန်နဲ့ မရမာကြီးလူမျိုးတွေကိုလည်း အခက်အခဲမရှိ ခွဲပေးနိုင်ခဲ့တယ်။ ဒီထက်ထူးခြားတာကတော့ အသက်(၃၀)အရွယ်ရှိတဲ့ စိတ်ကစဥ့်ကလျားဝေဒနာရှင်မလေးတစ်ယောက်ကို ခွဲပေးနိုင်ခဲ့ရတာပါပဲ။ သူ့နာမည်ကတော့ မသိန်းသိန်းယဉ်လို့ ခေါ်ပါတယ်။ ခွဲစိတ်ခန်းခုတင်ပေါ်မှာ အော်ဟစ်ရုန်းကန်နေတာမို့ ဒေါက်တာမိုးကျော်ခမျာ သီချင်းဆိုပြရ၊ ကဗျာရွတ်ပြရ၊ ချော့လိုက်၊ ခြောက်လိုက် အသံမျိုးစုံ၊ နည်းမျိုးစုံနဲ့ ခွဲပေးရတာမို့ အားလုံးပင်ပန်းခဲ့ရပါတယ်။

မျက်စိကလည်း နှစ်ဖက်လုံးမမြင်ရတဲ့အပြင် စိတ်ကလည်းပုံမှန်မဟုတ်ရှာတော့ မြင်စေချင်စိတ်နဲ့ စိတ်ရှည်သည်းခံခဲ့ကြရပါတယ်။ ထုံးစံအတိုင်း နောက်တစ်နေ့မြင်လည်းမြင်ရော စကားတွေပေါက်ကရမပြောတော့ဘဲ တည်တည်ငြိမ်ငြိမ်လေးဖြစ်နေတာတွေ့ရတော့ မျက်စိမမြင်ခင်နဲ့မြင်ရပြီး စိတ်အခြေအနေရဲ့ခြားနားမှုကို တွက်ချင့်ကြည့်နေမိပါတယ်။ ဒီတော့လည်း ကျွန်မတို့ခရီးစဉ်တွေက မျက်စိအကြည်ဓာတ်ကို ဖော်ဆောင်ပေးရင်းမှသည် စိတ်အကြည်ဓာတ်ကိုပါ ပေးစွမ်းနိုင်ခဲ့တာမို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ဓမ္မစကြာတရားတော်ထဲက အတိုင်းပါပဲ။

ဒီလိုနဲ့ ရသေ့တောင်ခရီးစဉ်ကြီး အောင်အောင်မြင်မြင်ကျင်းပပြီးစီးခဲ့ပြီမို့ အောင်ပွဲအခမ်းအနားမဏ္ဍပ်ထဲမှ လူအုပ်ကြီးက တရွေ့ရွေ့ထွက်ခွာသွားနေကြပါပြီ။ ဝမ်းသာလှိုက်လှဲ ကျေးဇူးစကားတွေက မိုးယံထိ ပဲ့တင်ထပ်မျှလွင့်ပျံ့ခဲ့ကြပြီ။ အသံချဲ့စက်ဆီမှ ရခိုင်ရိုးရာသီချင်းသံက ငြိမ့်ငြိမ့်အေးအေးထွက်ပေါ်လို့လာခဲ့ပြီ။ အဲဒီအချိန်မှာပဲ လူအုပ်ကြီးရဲ့ စကားသံတွေကို ထိုးဖောက်ပြီး သီချင်းသံစူးစူးလေး ပေါ်ထွက်လာခဲ့ပါတယ်။

"ပင်လယ်ပြာပြာနန့် . . . စိမ်းမြရိုးတောင်တန်း
လခြမ်းအလှပုံစံ . . . သာစွလေ။
ရိုးရာသီချင်းသံ တကြိုင်ကြိုင် . . . သဇင်ပန်းခိုင်တမြိုင်မြိုင်
ရခိုင်အစဉ်အဆက် ထွန်းကာနီ။
ရမ္မာ၊ ဒွါရဝတီ၊ ဓညမေဃဝတီ
လေးရပ်ဝတီ စည်းလုံးလို့ . . . ငြိမ်းချမ်းသာစွလီ"

ကျွန်မတို့ အားလုံးလှမ်းကြည့်လိုက်ကြတော့ လက်ချောင်းလေးတွေ ကွေးညွှတ်လို့ စည်းချက်မှာညင်သာစွာယိမ်းနွဲ့ကရင်း ရခိုင်အဆိုတော် ဝင်းကိုခိုင်ရဲ့ "ရခိုင်မြေ" သီချင်းကို အကျအနလိုက်ဆိုနေတဲ့ မသိန်းသိန်းယဉ်ကို တွေ့လိုက်ရပါတော့တယ်။ ဒါကြောင့်လည်း ကျွန်မတို့အားလုံး မှင်တက်အံ့သြစွာနဲ့ ပြိုင်တူလက်ခုပ်တွေ တီးလိုက်မိကြတယ်။

ဒီမြင်ကွင်းလေးကို ဘယ်လိုစာလုံးတွေနဲ့များ ပုံဖော်လို့ရနိုင်မှာလဲ။ လူအုပ်ကြီးရဲ့အပြုံးတွေ၊ ကြည်နူးမှုတွေနဲ့ အဖြူရောင်အလင်းတန်းတွေ၊ အားလုံးရဲ့ပေါင်းစည်းမှု၊ အောင်မြင်မှုပြယုဂ်တွေက ဆေးပန်းချီ ခြယ်မှုန်းလို့မရနိုင်တဲ့ ပန်းချီကားချပ်တွေအဖြစ်နဲ့ ကျန်ရစ်ခဲ့ရပြန်ပါပြီ။ အဲဒီအဖြူရောင်အလင်းလှိုင်းတွေကဖြင့် မြူမှုံပင်စိုးစဉ်းမျှ အညစ်အကြေးမထင်၊ ပကတိဖြူစင်သန့်ရှင်းတဲ့ မေတ္တာအကြည်ဓာတ်တွေနဲ့ ပေါင်းစည်းယှက်နွယ်မိတဲ့အခါမှာတော့ ရသေ့တောင်မြို့လေးတစ်ခုလုံး အလင်းရိပ်အောက်မှာ အေးမြငြိမ်းချမ်းစေခဲ့ရပြီလို့သာ ဆိုလိုက်ချင်ပါတော့တယ်။ ။



မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေး သက်ကြီးပူဇော်ပွဲကျင်းပရေးအဖွဲ့က ဆွမ်းပဒေသာပင်နှင့် ကော်ဇောအတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

[၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈) ရက်၊ ဥပုသ်နေ့]

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၂၅	၈။	"ဆွာချောင်းတံတား"
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀	၁။	Myanmar Natiional League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (မကွေး F.C နှင့် နေပြည်တော် F.C)
၅း၀၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၁၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၅း၂၅	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀	၅။	သီချင်းကြီးပဒေသာ
၅း၄၅	၆။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၁၅	၈။	မိုးလေဝသအခြေအနေ
၆း၂၀	၉။	မြန်မာ့လေ့ရိုးရာလက်ဝှေ့
၆း၄၀	၁၀။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၀၀	၁၁။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇း၄၀	၁၂။	"ဝတ်မှုန်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း"
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၃၉)**
	၁၇။	**မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း "သံမဏိပိုးဖလံ" (ကျော်ကျော်ဗို၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်) (ဒါရိုက်တာ-မျိုးဇော်အောင်)**
	၁၈။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
	၁၉။	အစီအစဉ်ပြီး၏။

အမှာစကား ပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၅/၂၀၁၀)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး(၂၅/၂၀၁၀) ကျင်းပ

နေပြည်တော် မေ ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၅ /၂၀၁၀) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရောင်စုံကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ရောင်စုံကြော်ငြာအချပ်ပို နှစ်မျက်နှာပါရှိပါသည်။

သွားလမ်းသာနေပြီဖြစ်သော ပုသိမ်ခရိုင်

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ပုသိမ်လှကြည်

ဧရာဝတီတိုင်း ပုသိမ်ခရိုင် လပွတ္တာမြို့နယ် ပင်လယ်ကမ်းခြေ၌ သရနတောင်ခေါ် မြတ်မော်တင်တောင်ရှိသည်။ ပုသိမ်မြို့မှ ၈၉ မိုင်ကွာဝေးသည်။ ထိုဒေသသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ခရီးသွားများ လာရောက်လေ့ရှိကြသည်။

အနယ်နယ်အရပ်ရပ်မှ ခရီးသွားများ သွားလာမှုလွယ်ကူစေရန်အတွက် ပုသိမ်ဆိပ်ကမ်းမှ ၈၂ မိုင် ကွာဝေးသော လပွတ္တာမြို့နယ် ခမောက်မော်ဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်၊ ပုဂ္ဂလိကပို့ဆောင်ရေးပိုင် သင်္ဘောအမျိုးမျိုး၊ ရေယာဉ်အမျိုးမျိုးဖြင့် ပို့ဆောင်ပေးသည်။ ခမောက်မော်သို့ ရောက်သောအခါ တောင်ခြေသို့အရောက် ခရီးသည်တင်ကားများက ပို့ဆောင်ပေးသည်။

ခရီးသွားများသည် ခမောက်မော်မှ ငါးမိုင်ကွာဝေးသော တောင်ခြေသို့ ပင်လယ်လေပြည်လေညင်းကလေးများကို ရှူရှိုက်ရင်း သဲဖြူမွမွလေးများပေါ်တွင် တပျော်တပါး လမ်းလျှောက်သွားကြသည်။ ပင်လယ်ခရုကောက်ရင်း ကျောက်ဆောင်ကြီးများပေါ်သို့ ပြေးလွှားဆော့ကစားကြသည်။ ထိုမှလေးမိုင်ခန့်အကွာတွင် မြွေတောင်ရှိသည်။ ခရီးသွားပြည်သူများ မှိုင်းပျပျပင်လယ်ရေပြင်မှ ပြေးလွှားတိုက်ခတ်လာသော ဖြူဖွေးဖွေး လှိုင်းလုံးကြီးများကိုကြည့်ရင်း ပင်လယ်ပြင်အရသာကို ခံစားနေကြသည်မှာ ကြည်နူးဖွယ်ရာဖြစ်သည်။

ယခုအခါ နိုင်ငံတော်က ပုသိမ်မြို့နယ်တွင် ငဝန်မြစ်ကိုဖြတ်ကျော်၍ ငဝန်မြစ်ကူးပုသိမ်တံတားကြီးကို တည်ဆောက်ပေးလိုက်နိုင်သဖြင့် ချောင်းသာ၊ ငွေဆောင် အပန်းဖြေမြို့များ စည်ကားလာသည်။ ငပုတောမြို့နယ်၊ လပွတ္တာမြို့နယ်များသို့အရောက် ကားလမ်းများပေါက်လာခဲ့သည်။ ဝန်းကျင်ဒေသများတွင် အဖိုးတန် ကျွန်း၊ ပျဉ်းကတိုး စိုက်ခင်းကြီးများ ပေါ်ထွက်လာသည်။ ထို့ကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ဧရာဝတီတိုင်းအတွင်း လမ်းများ၊ တံတားများ ဆောက်လုပ်နိုင်ခဲ့ရာ ပုသိမ်ခရိုင်အတွင်း၌လည်း ပုသိမ်၊ ချောင်းသာ၊ ငွေဆောင်၊ မြတ်မော်တင်တို့သို့ ရန်ကုန်မြို့မှ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် သွားရောက်ကြကာ သဘာဝအလှအပများကို ခံစားနိုင်ကြပြီဖြစ်ပါသည်။ ။

အသင့်စောင့်ကြို

ပုသိမ်ဆိပ်ကမ်းမှ ရေယာဉ်သင်္ဘောအမျိုးမျိုးကလည်း ခရီးသည်များ လိုရာပို့ဆောင်ပေးနိုင်ရန် အသင့်စောင့်ကြိုနေကြသည်။

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မေ ၄

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၇)တွင် “Political Times” အထူးအချပ်ပိုအပါအဝင် “ရှေ့ဆက်ရဦးမည့် နာဂစ်ဒေသရေရှည်ဖွံ့ဖြိုးရေး” နာဂစ်နှစ်နှစ်ပြည့်အထူးဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဦးသိန်းစိန်ခေါင်းဆောင်သော အဖွဲ့ဝင် ၂၇ ဦးပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပါတီတည်ထောင်ခွင့်လျှောက်ထား၊ ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ် (UKL) ဥက္ကဋ္ဌ ဦးစောမောင်ချောနှင့်တွေ့ဆုံခြင်း၊ ဆရာဦးအောင်မိုး (UMFCCI) ၏ “ရွေးကောက်ပွဲဒီမိုကရေစီ”၊ ဆရာမောင်သာနု၏ “ရွေးကောက်ပွဲအပြီး မြန်မာနိုင်ငံရေးဘယ်လိုလဲ”၊ ဒေါက်တာနေဇင်လတ်၏ “အကူးပြောင်းကာလလွှန်” စသည့်နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ပုဂ္ဂလိက အက်ဖ်အမ်လိုင်းများ တစ်နိုင်ငံလုံး လွှင့်တော့မည်ဟုဆို၊ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အညာဒေသများ ပူပြင်းသော်လည်း မိုးရွာခဲ့ခြင်းကြောင့် အပူချိန် ပြင်းထန်စွာခံစားရခြင်းမရှိခဲ့၊ သင်္ကြန်အကြတ်နေ့က ဖြစ်ပွားသည့် ငါးလုပ်ငန်းကုမ္ပဏီ ငွေကျပ် ၃၃၅ သိန်း အခိုးခံရမှုပေါ်ပြီ၊ သီရိမင်္ဂလာဈေး ရွှေ့ပြောင်းရမည်ဆိုသောသတင်းကြောင့် ဆိုင်ခန်းရှင်တို့ စိတ်ပူပင်နေ၊ “နိုင်ငံရေးပါတီတွေက လူထုကို အမှန်တကယ်အကျိုးပြုသလား” Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ “နွေရာသီနှင့်အပူဒဏ်”၊ “ခရီးသွားလုပ်ငန်းရဲ့ သံတမန်အဖြစ် ထိုင်းကိုသွားဖို့ရှိပါတယ်” ဂျူးဂျူးကေနှင့်လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ရှန်ဟိုင်းကုန်စည်ပြပွဲအား အရှင်းသန့်ဆုံးနှင့် စိမ်းလန်းစိုပြည်မှုအရှိဆုံး ပြပွဲဖြစ်လာစေရန် စီမံဆောင်ရွက်၊ ဗြိတိန်တွင် အရပ်အပုဆုံးမိခင်က မွေးဖွားသည့် ၁၄ လသားအရွယ်ကလေးငယ် မိခင်ထက် အရပ်ပိုရှည်၊ အတိုက်အခံများနှင့် မဟာမိတ်တို့၏ ဖုန်းကို ခိုးနားထောင်သည်မှာ မဟုတ်မှန်ဟု အိန္ဒိယအစိုးရ ငြင်းဆို၊ ရုပ်ပျက်နေသော အမျိုးသားတစ်ဦး၏ မျက်နှာတစ်ပြင်လုံးခွဲစိတ်ကုသမှု အောင်မြင်၊ “လိုင်စင်မဲ့ ယာဉ်မောင်း၏ မဆင်မခြင် မောင်းနှင်မှုကြောင့် ဗြိတိန်အဘွားအိုသေဆုံး” မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ “ပြောရဦးမယ် သူတို့ကဒီလိုတဲ့” ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိပါသည်။

(သတင်းစဉ်)

ကလေးခရိုင်နှင့် တမူးခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များ ဖွဲ့စည်း

ရန်ကုန် မေ ၄

စစ်ကိုင်းတိုင်း ကလေးခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တတိယအကြိမ် ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို ဧပြီ ၂၉ ရက်တွင် ကလေးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဗဟို)အလုပ်အမှုဆောင် ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်၊ ကလေးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများ၊ မွေးမြူရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးဇော်မျိုးမင်းနှင့် အတွင်းရေးမှူး ဦးမောင်မောင်ကျော် အပါအဝင် အဖွဲ့ဝင် ၁၁ ဦး ပါဝင်သည့် ကလေးခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အား ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ဆက်လက်၍ ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများနှင့် ကောင်းမွန်သော ဇီဝလုံခြုံမှုနှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းပြောကြားသည်။

အလားတူ တမူးခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ပထမအကြိမ် ဖွဲ့စည်းခြင်းအခမ်းအနားကို ဧပြီ ၃၀ ရက်တွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြီး ဥက္ကဋ္ဌ ဦးလာလ်ရိုးကူးဌာနှင့် အတွင်းရေးမှူး ဦးဇော်ဇော်အောင် အပါအဝင် အဖွဲ့ဝင် ၁၁ဦးပါဝင်သော အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း ကလေးခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တတိယအကြိမ် ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး အမှာစကားပြောကြားစဉ်။

(မွေး/ကု)

ရှင်းလင်းတင်ပြ

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ခရိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့် အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း လုပ်ငန်းဆောင်ရွက်နေမှုများ ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၂ ရက် နံနက်ပိုင်းတွင် ပုသိမ်-ချောင်းသာလမ်း မိုင်တိုင်(၉/၀)၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့ (၁)က တာဝန်ယူတည်ဆောက်နေသော ကျောက်ချောင်းကြီးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေရှိ ကျောက်ချောင်းကြီးတံတား အသစ်ပြန်လည် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း မိုင်တိုင် (၅/၄)နှင့် မိုင်တိုင်(၅/၅)အကြားတွင် Asia World ကုမ္ပဏီက ကတ္တရာဖျန်းစက်ဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင် (၆/၀)ရှိ ရေသိုးကြီးချောင်း ဘေလီတံတား ပေ ၆၀ တည်ဆောက်နေမှုကို လည်းကောင်း၊ မိုင်တိုင် (၁၂/၄)မှ (၁၈/၄)အထိ လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် Myanma Iwatani L.P.G Trading Co., Ltd. ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် Pac Link ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော မိုင်တိုင်(၁၈/၄)မှ (၂၄/၄) အကြား ကတ္တရာဖျန်းစက်ဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင် (၂၄/၄)မှ (၃၀/၄)အထိ ဇေယျာကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းအပိုင်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း အထူးအဖွဲ့(၂)က ကျောက်ဖျန်းစက်ဖြင့် လမ်းခင်းနေမှုနှင့် မိုင်တိုင် (၃၀/၄)မှ (၃၆/၄)အထိ AA Global Co., Ltd. က ဆောင်ရွက်နေသော လမ်းအပိုင်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်ကျွန်း-လှိုင်းဘုန်းလမ်း အဖွဲ့က ကတ္တရာဖျန်းစက်ဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်တိုင် (၃၆/၄)မှ (၄၂/၄)အထိ အောင်ကမ္ဘာကုမ္ပဏီက ကတ္တရာခင်းခြင်းလုပ်ငန်း၊ တံတားများ တည်ဆောက်ခြင်းနှင့် ရေပြွန်များ တည်ဆောက်နေမှု၊ မိုင်တိုင် (၄၂/၄)မှ (၅၄/၄)အထိ Yangon Crown နှင့် Crown Calcium Carbonate ကုမ္ပဏီတို့က ကတ္တရာခင်းခြင်း၊ တံတားများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင် (၅၄/၄)မှ (၆၀/၄)အထိ နိုင်ဂရုကုမ္ပဏီက လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်(၆၀/၄)မှ (၆၆/၄)အထိ ရွှေတောင်ကုမ္ပဏီက လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင် (၆၆/၄)မှ (၇၂/၄)အထိ Golden Heart ကုမ္ပဏီက လမ်းလုပ်ငန်းများဆောင်ရွက်နေမှု၊ မိုင်တိုင် (၇၂/၄)မှ (၇၈/၄)အထိ Y.T.E ကုမ္ပဏီက လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင် (၇၈/၄)မှ (၈၄/၄)အထိ Same Sky ကုမ္ပဏီက ကတ္တရာခင်းခြင်း၊ တံတားများတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင် (၈၄/၄)မှ (၉၀/၄)အထိ IGE ကုမ္ပဏီက လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုင်တိုင်(၉၀/၄)မှ (၉၆/၀)အထိ မိုးရတနာထွန်းကုမ္ပဏီက လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လမ်းအပိုင်းများအလိုက် အတက်အဆင်း မတ်စောက်သည့် နေရာများတွင် ကတ္တရာထူထူခင်းရန်၊ လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လမ်းဘေးဝဲ / ယာတွင် ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန်၊ ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းအပိုင်းများတွင် အင်အားဖြည့်ဆောင်ရွက်နေသော ဆောက်လုပ်ရေး အဖွဲ့များအနေဖြင့်လည်း လမ်းရေရှည် ကောင်းမွန်စေရန်အတွက် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရေး ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆ မိုင်တွင် လမ်းလုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီ ၁၅ ဖွဲ့၊ တံတားတည်ဆောက်ရေးကုမ္ပဏီ နှစ်ဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းလုပ်ငန်း ဆောင်ရွက်သည့် အဖွဲ့ ၂၁ ဖွဲ့၊ တံတားတည်ဆောက်ရေးအဖွဲ့ ခြောက်ဖွဲ့တို့ဖြင့် ကတ္တရာခင်းခြင်း၊ တံတားများတည်ဆောက်ခြင်းနှင့် ကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်းလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဦးစီးအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ် (၁၀)ဖွင့်လှစ် အားကစားဝန်ကြီး သူရဦးအေးမြင့် တက်ရောက်မှာကြား

နေပြည်တော် မေ ၄

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့နံနက် ၈ နာရီတွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ သင်တန်းခန်းမ၌ ကျင်းပသော အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ် (၁၀)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် အခြေခံ အားကစားလုပ်ငန်း တာဝန်များကို ထမ်းဆောင်နေကြသည့် ဦးစီးအရာရှိ (မြို့နယ်)များနှင့် ဦးစီးဌာနရှိ ဌာနခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဦးစီးအရာရှိများအား အရည်အချင်းပိုမိုပြည့်ဝသည့် အားကစား စည်းရုံးရေးမှူးကောင်းများ၊ အားကစား ခေါင်းဆောင်များအဖြစ် ရောက်ရှိလာစေရေး၊ ဝန်ကြီးဌာနအောက်ရှိ ဌာနခွဲအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို နားလည်သဘောပေါက်စေရေးနှင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အားကစားနည်းစနစ်/နည်းဥပဒေများကို သိရှိစေရေး စသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော ပြည်ထောင်စုလမ်းဘေးဝဲ/ယာအား ကတ်တုံးပြုလုပ်ခြင်းနှင့် လူသွားစင်္ကြံမြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ကြေးမုံ)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကွန်ပျူတာ (အခြေခံ) သင်တန်းအမှတ်စဉ် (၂/၂၀၁၀)ဖွင့်

နေပြည်တော် မေ ၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကွန်ပျူတာ(အခြေခံ) သင်တန်းအမှတ်စဉ်(၂/၂၀၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် တက်ရောက်ပြီး သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ ကွန်ပျူတာ (အခြေခံ)သင်တန်းကို e-Government အကောင်အထည် ဖော်ဆောင်ရေးမူဝါဒနှင့်အညီ ဝန်ထမ်းများမှ အခြေခံကွန်ပျူတာ ပညာရပ်များကို ကျွမ်းကျင်စွာ တတ်မြောက်၍ အသုံးချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန (နေပြည်တော်)မှ အရာထမ်း/ အမှုထမ်း သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"လူတိုင်းအတွက် ဝိပဿနာ" တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၁၀၁)**
၈း၃၀	Sports World
၈း၅၅	ရန်ကုန်ပန်တျာကျောင်းနှင့် ပန်းချီပန်းပုကျောင်းတို့၏ သင်တန်းဆင်းပွဲ အမှတ်တရ
၉း၀၀	အမျိုးသမီးဆရာဝန်များ၏ အခမဲ့ကွင်းဆင်းကုသမှု (တွံတေးမြို့နယ်)
၉း၂၀	Activities In the City (ဆရာတော်ဘဒ္ဒန္တဇနိတာ လင်္ကာရ၏စိန်ရတုမွေးနေ့နှင့် သိက္ခာထပ်မင်္ဂလာ)
၉း၃၅	အားကစားမြင်ကွင်းစုံ
၁၀း၂၀	မိုးယံမှကြယ်ပွင့်ကလေးများ
၁၀း၃၀	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၁၀း၄၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဆလိုင်းသွဲ့အောင်)
၁၁း၂၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁း၅၀	ခာတ်ပုံထဲမှအမှတ်တရများ (သရုပ်ဆောင်ကစ်ကစ်၏ ခာတ်ပုံထဲမှအမှတ်တရများ)
၁၂း၂၀	မွန်ပြည်နယ်မှ ဗုဒ္ဓသာသနာ
၁၂း၃၅	မျိုးသန့်စိုက်ပျိုးအထွက်တိုး အကျိုးများမည် ဒို့တိုင်းပြည်
၁၂း၅၅	မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း (ဒေါက်တာခင်နှင်းဦး)
၁း၀၀	"လူတိုင်းအတွက် ဝိပဿနာ" တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း (အားနာတတ်တာကောင်းတယ်၊ အားမနာတတ်တာကောင်းတယ်)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၁၀၁)**
၄း၁၀	အဓိဋ္ဌာန်ပြည့်မြောက်. . . အလိုတော်ပေါက်
၄း၂၀	Activities In the City (ဆရာတော်ဘဒ္ဒန္တဇနိတာ လင်္ကာရ၏စိန်ရတုမွေးနေ့နှင့် သိက္ခာထပ်မင်္ဂလာ)
၄း၄၀	မိုးယံမှကြယ်ပွင့်ကလေးများ
၄း၅၀	ရန်ကုန်ပန်တျာကျောင်းနှင့် ပန်းချီပန်းပုကျောင်းတို့၏ သင်တန်းဆင်းပွဲအမှတ်တရ
၅း၀၅	အမျိုးသမီးဆရာဝန်များ၏ အခမဲ့ကွင်းဆင်းကုသမှု (တွံတေးမြို့နယ်)
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ခာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင်ကစ်ကစ်၏ ခာတ်ပုံထဲမှအမှတ်တရများ)
၆း၄၅	ဗီဒီယိုပြခန်း
၇း၀၀	ကြည်နူးစရာလက်ဆောင် အဖြာဖြာ (အရိန္ဒမာ Stationery & Fancy)
၇း၁၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဆလိုင်းသွဲ့အောင်)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အားနာတတ်တာကောင်းတယ်၊ အားမနာတတ်တာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၁၀၁)**
၁၀း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၂၅	ဗီဒီယိုပြခန်း
၁၀း၄၀	ကြည်နူးစရာလက်ဆောင် အဖြာဖြာ (အရိန္ဒမာ Stationery & Fancy)
၁၀း၅၀	Industrial Talk
၁၁း၂၀	တက္ကစီမီတာသင်လိုရာ (ဇေယျ၊ ရိုတ၊ ပန်းအိခိုင်) (ဒါရိုက်တာ-ဇာဇာထက်လင်း)
၁၁း၂၅	သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁၁း၄၀	မမေ့နိုင်စရာ. . . ရှမ်းရိုးရာအစားအစာ
၁၁း၅၅	ကဏ္ဍစုံလင်အားကစား အစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၁၅	Man City - Tottenham	ESPN(Live)
၁း၂၅	Fulham - Stoke City	STAR SPORTS (Live)



အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၁၀)နှင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကွန်ပျူတာအခြေခံနှင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု သင်တန်းများဖွင့်လှစ်

နေပြည်တော် မေ ၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၀)နှင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၀)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားရာ၌ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန်၊ သက်ဆိုင်ရာ ကဏ္ဍနယ်ပယ်အသီးသီးတွင် ကျွမ်းကျင်စွာလုပ်ဆောင်နိုင်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နိုင်သည့် စွမ်းရည်ပြည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းများမှ သင်ကြားပေးသည့် ပညာ၊ ဗဟုသုတများကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြပြီး ပိုမိုတတ်ကျွမ်းနားလည်အောင် လေ့ကျင့်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ သင်တန်းမှ ထုတ်ပြန်ထားသည့် သင်တန်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် မိမိတို့၏ ဝန်ကြီးဌာနအကျိုး၊ နိုင်ငံတော်၏ အကျိုးကို လိုလိုလားလား စိတ်အားထက်ထက်သန်သန်ဖြင့် ဆောင်ရွက်သွားကြပြီး နိုင်ငံတော်၏ ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်သွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၇၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိခင်နှင့်ကလေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေမှုရရှိစေပြီး နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ အကျိုးပြု

နေပြည်တော် မေ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပြည်နယ်/တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်း အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော်ပျဉ်းမနားနှင့် နေပြည်တော်တပ်ကုန်း မြို့နယ်များမှ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် ယခုကဲ့သို့ နှစ်ပတ်လည် အစည်းအဝေးများကို ကျင်းပနိုင်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် အကြိမ်(၂၀)မြောက် ရှိခဲ့ပြီဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ၁၉၉၁ ခုနှစ် အသင်းကြီးစတင်ဖွဲ့စည်းခဲ့သည်မှစပြီး မြန်မာနိုင်ငံတစ်ဝန်းဖြန့်ကြက်ကာ မိခင်များနှင့် ကလေးများကို အခြေပြု၍ မိသားစု ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး ပြည့်ဝစေရေး အတွက် ဆောင်ရွက်နေကြသော အသင်းဝင်အားလုံး၏ ကြီးမားမြင့်မြတ်သော စေတနာနှင့်လုပ်ငန်းများကိုလည်း အားလုံးသိမြင်နိုင်ကြပြီး ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းလုံးရှိသည့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်ပေါင်း ၁၂ သန်းကျော်၏ စေတနာ၊ မေတ္တာကိုအရင်းခံ၍ မိခင်နှင့် ကလေးများ၊ မိသားစုများအားလုံးအား ဘက်စုံဖွံ့ဖြိုးတိုးတက်စေမှုရရှိစေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ အကျိုးပြုစေနိုင်မည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်အောင် စွမ်းဆောင်ပေးလျက်ရှိကြသည်ကိုလည်း အားလုံးသိကြပြီး ဖြစ်ကြောင်း။

မြန်မာနိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့် ကလေးများဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစ၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးသေနှုန်းသည် နိုင်ငံ၏အရေးကြီးပြီး အခြေခံကျသည့် ကျန်းမာရေးအညွှန်းကိန်းများ ဖြစ်ပြီး စီးပွားရေး၊ လူမှုရေး ဆက်စပ်နေကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း မိခင်နှင့်ကလေး ကျန်းမာရေးကိစ္စများကို အထူးဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း လမ်းညွှန်ထားကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆင့်ဆင့်မှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိကလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူး၍ ကိုယ်တိုင်ကျင့်သုံး၍ ကိုယ်တိုင်ကျင့်တစ်ဆင့်ပွားကာ မြို့ပြကျေးလက်အနှံ့ ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြရန်ကိုလည်း တိုက်တွန်းအပ်ပါကြောင်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ လူမှုရေးဆောင်ရွက်ချက် လှုပ်ရှားမှု ဓာတ်ပုံများနှင့် ပြည်နယ်/တိုင်းများမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေးပထမပိုင်းအစီအစဉ်ကို နံနက် ၁၀ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကို နိုင်ငံတော်တစ်ဝန်းလုံးရှိ မိခင်နှင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ စောင့်ရှောက်ပေးခြင်းဖြင့် မိသားစုဘဝ အဆင့်အတန်း မြင့်မားလာရန်အတွက် ၁၉၉၁ ခုနှစ် ဧပြီ ၃၀ ရက်မှစတင်ပြီး ဖွဲ့စည်းထားသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ပြည်သူထဲက ပေါက်ဖွားလာသည့် အင်အားစုတစ်ရပ်ဖြစ်သည်နှင့်အညီ အသင်းဝင်များအနေဖြင့် မြန်မာနိုင်ငံ တစ်နံတစ်လျား ကျေးလက်အောက်ခြေအထိ ဖြန့်ကြက်ပြီး ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ဆောင်ရွက်ပေးနေသည်မှာ ယခုဆိုလျှင် သက်တမ်း ၁၉ နှစ်ပြည့်ခဲ့ပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သော အင်အားပြည့် စေတနာ့ဝန်ထမ်း စွမ်းအားစုကြီးတစ်ရပ်အဖြစ် ထင်ရှားစွာရပ်တည်လာနိုင်ခဲ့သည်ကို အားလုံးသောပြည်သူများက မျက်ဝါးထင်ထင် တွေ့မြင်နေကြရကြောင်း။

အသင်းကြီး၏ ယုံကြည်ချက်အတိုင်း တစ်နှစ်ထက်တစ်နှစ်ပို၍ ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး သက်ဆိုင်ရာ ပြည်နယ်/ တိုင်း/ ခရိုင်/မြို့နယ်မှသည် ရပ်ကွက်၊ ကျေးရွာအထိ အဆင့်ဆင့်သော အသင်းဝင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် တစ်နိုင်ငံလုံး အသင်းခွဲပေါင်း ၂၁၆၅၃ သင်းနှင့် အသင်းဝင်ပေါင်း ၁၂ သန်းကျော်ရှိပြီဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရန် မူဝါဒ လမ်းစဉ်များချမှတ်ပြီး စီစဉ်ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အနေဖြင့် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ၎င်းတို့အားမွေးဖွားပေးသည့် သားကောင်းမိခင်များ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ကူညီစောင့်ရှောက်ပေးနေသည့် လူမှုရေး အသင်းအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် အားလျော်စွာ နိုင်ငံတော် တည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပါဝင်နေရသည့်အတွက် ဝမ်းမြောက်ဝမ်းသာစွာ ဂုဏ်ယူမိကြောင်း။

မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသည် နိုင်ငံတော်၏ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့် အညီ မိမိတို့နှင့်တူညီသော ခံယူချက်၊ ယုံကြည်သော စေတနာတို့ဖြင့် ဆောင်ရွက်ကြသည့် အခြားသော နိုင်ငံတော်၏ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့်အတူ အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် စနစ်တကျ အောင်အောင်မြင်မြင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရင်း အစဉ်ထာဝရ အများအကျိုးကို ဆက်လက်ဦးတည် ဆောင်ရွက်ပေးကြရန်လည်း အထူးတိုက်တွန်း ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က ၂၀၀၉ ခုနှစ် လုပ်ငန်းအစီရင်ခံစာကို လည်းကောင်း၊ အကျိုးဆောင်စာရင်းစစ် ဒေါ်သန်းသန်းအေးက ၂၀၀၉-၂၀၁၀ ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်က ၂၀၀၉-၂၀၁၀ ခုနှစ် ဘဏ္ဍာရေးနှစ်ငွေစာရင်းရှင်းတမ်းနှင့် ၂၀၁၀-၂၀၁၁ ရသုံးမှန်းခြေစာရင်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို သဘောတူညီမှု ရယူအတည်ပြုကြသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်နယ်/ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက မိမိတို့ ပြည်နယ်နှင့်တိုင်းအလိုက် ၂၀၀၉ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြား တင်သွင်းကြရာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီ တိုင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ပဲခူး တိုင်း(အနောက်ပိုင်း)တို့မှ မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များက ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးကို ခေတ္တရပ်နား သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၅-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ **Mail Box**
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် -စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၉)
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၅)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရယ်ရွှင်စရာဟာသပဒေသာ **-သမီးနှင့်သမက်၊ သားနှင့်ချွေးမ** (မိုးခန့်၊ အရိုင်း၊ လင်းဇာနည်ဇော်၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၁၈)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပမည်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို မေ ၂၂ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ်-၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထို့နောက် အစည်းအဝေး၏ မွန်းလွဲပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက ဆောင်ရွက်ပြီး မကွေးတိုင်း၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက ၂၀၀၉ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြား တင်သွင်းကြပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကို မေ ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး သူရဦးမြင့်မောင်အား ဂျပန်နိုင်ငံ ကျိုတိုမြို့အခြေစိုက် Honganji Foundation အထွေထွေမန်နေဂျာဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်　　မေ　　၄

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်အား ဂျပန်နိုင်ငံ ကျိုတိုမြို့အခြေစိုက် Honganji Foundation အထွေထွေမန်နေဂျာ Mr.Akihiro Taino ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ သာသနာရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်အား ဂျပန်နိုင်ငံ ကျိုတိုမြို့ အခြေစိုက် Honganji Foundation အထွေထွေမန်နေဂျာ Mr. Akihiro Taino ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

Davis Cup Asia/Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရ မြန်မာ့အမျိုးသားတင်းနစ်လက်ရွေးစင်အသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ရန်ကုန်　　မေ　　၄

၂၀၁၀ ခုနှစ် ဧပြီ ၁၉ ရက်မှ ၂၄ ရက်အထိ ဂျော်ဒန်နိုင်ငံ Amman မြို့၌ကျင်းပခဲ့သည့် ၂၀၁၀ ခုနှစ် Davis Cup by BNP Paribas Asia/Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောင်မြင်မှုရရှိလာသော မြန်မာ့အမျိုးသားတင်းနစ်လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဦးဇော်ဇော်၊ဥက္ကဋ္ဌဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာ့အမျိုးသားတင်းနစ်လက်ရွေးစင် အသင်းခေါင်းဆောင် မင်းမင်းက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဦးဇော်ဇော်က မြန်မာ့အမျိုးသား တင်းနစ်လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းက မြန်မာ့အမျိုးသား တင်းနစ်လက်ရွေးစင်များအား တစ်ဦးလျှင် ဆုကြေးငွေကျပ်၁၀သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင် ဇော်ဇော်လတ်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက မြန်မာ့တင်းနစ် အားကစားသမိုင်း၏ အောင်မြင်ထူးခြားမှုတစ်ခုဖြစ်သည်ဟု ဆိုလျှင် မှားမည်မထင်ကြောင်း၊ မြန်မာ့တင်းနစ် အားကစားလောက ဖွံ့ဖြိုးတိုးတက် အောင်မြင်လာရေးအတွက် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ရန်ကုန်မြို့တော်ဝန်၏ ကူညီပံ့ပိုးမှု၊ မြန်မာ့အမျိုးသား လက်ရွေးစင်များ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် နိုင်ငံတကာ တင်းနစ်ပြိုင်ပွဲများအတွေ့အကြုံဝါရင့်သော အိမ်ရှင်ဂျော်ဒန်အမျိုးသား လက်ရွေးစင်အသင်းကို အနိုင်ယူပြီး မိခင်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အလံကို လွှင့်ထူနိုင်ခဲ့၍ အားကစားဝန်ကြီးဌာန၏ ကိုယ်စား၊ မြန်မာ့တင်းနစ် လောကသားများ၏ ကိုယ်စား၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ကိုယ်စား၊ တင်းနစ်နည်းပြများ၏ ကိုယ်စား အလွန်ဝမ်းသာပီတိဖြစ်ရကြောင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အနေဖြင့် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ကြိုးစားပါဝင်ယှဉ်ပြိုင်လာခဲ့ကြရာ (၈)နှစ်ကျော် ကြာမြင့်ခဲ့သည့် ယခုနှစ်တွင် ပထမဦးဆုံးအကြိမ် အောင်မြင်မှုဖြစ်ကြောင်း၊ နောင်လာမည့် ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိလာရေးအတွက် ယခုပြိုင်ပွဲထက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများကိုလည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်များ၊ မြန်မာ့အမျိုးသားတင်းနစ် လက်ရွေးစင် အားကစားသမားများနှင့် မြန်မာ့လက်ရွေးစင် တင်းနစ်အားကစားသမားများအား တေးဂီတဖြင့် ဖျော်ဖြေကြပြီး ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ၂၀၁၀ ခုနှစ် ဂျော်ဒန်နိုင်ငံ Amman မြို့၌ ကျင်းပသည့် Davis Cup by BNP Paribas Asia/Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော မြန်မာ့အမျိုးသား တင်းနစ်လက်ရွေးစင်အသင်းမှ အသင်းခေါင်းဆောင် မင်းမင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (တင်းနစ်အဖွဲ့ချုပ်)

ကမ္ဘာလှည့်အပျော်စီးသင်္ဘော မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါသို့ရောက်ရှိပြီး မြန်မာနိုင်ငံတွင်း လှည့်လည်လေ့လာ

ရန်ကုန်　　မေ　　၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ကြီးကြပ်ပြီး Myanmar Voyages International Tourism Co., Ltd. ၏အစီအစဉ်ဖြင့် အမေရိကန်လူမျိုးအများစုပါဝင်သော ခရီးသည် ၃၇၉ဦး လိုက်ပါလာသည့် M.V Crystal Symphony ကမ္ဘာလှည့်အပျော်စီးသင်္ဘောသည် ဧပြီ ၃၀ရက် ညနေ ၄နာရီ မိနစ်၄၀တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါသို့ရောက်ရှိလာရာ မြန်မာ့ခရီးသွားလုပ်ငန်းဌာနမှ အထွေထွေမန်နေဂျာ ဦးဝင်းလှိုင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် Myanmar Voyages International Tourism Co., Ltd. မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးသည်များသည် ရန်ကုန်မြို့တွင်းခရီးစဉ်များ၊ သန်လျင်ခရီးစဉ်၊ ပဲခူးနေ့ချင်းပြန်ခရီးစဉ်၊ အင်းလေးဒေသခရီးစဉ် (၁ ညအိပ်/၂ ရက်)၊ပုဂံခရီးစဉ် (၁ ညအိပ် /၂ ရက်)နှင့် မန္တလေးခရီးစဉ် (၁ ညအိပ် / ၂ ရက်)တို့ကို လှည့်ပတ်ကြပြီးနောက် မေ ၂ ရက် ညနေ ၃ နာရီခွဲတွင် အိန္ဒိယနိုင်ငံ ကိုချင်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Myanmar Voyages International Tourism Co., Ltd. ၏ အစီအစဉ်ဖြင့် အမေရိကန်လူမျိုးအများစု ပါဝင်သော ခရီးသည်များ လိုက်ပါလာသည့် M.V Crystal Symphony ကမ္ဘာလှည့်အပျော်စီးသင်္ဘော ရန်ကုန်မြို့တွင်းခရီးစဉ်များ၊ သန်လျင်ခရီးစဉ်၊ ပဲခူးနေ့ချင်းပြန်ခရီးစဉ်၊ အင်းလေးဒေသခရီးစဉ်၊ ပုဂံခရီးစဉ်၊ မန္တလေးခရီးစဉ်တို့ကို သွားရောက်လည်ပတ်ကြပြီး မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါမှ ပြန်လည်ထွက်ခွာသွားစဉ်။

(ဟိုတယ်/ခရီး)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကွန်ပျူတာအခြေခံသင်တန်းများဖွင့်

နေပြည်တော်　မေ　၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းများအတွက် ကွန်ပျူတာအခြေခံသင်တန်း အပတ်စဉ် (၃/၂၀၁၀)နှင့် လက်နှိပ်စက်ဝန်ထမ်းများအတွက် ကွန်ပျူတာစာစီစာရိုက် သင်တန်း(၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၁၁နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကွန်ပျူတာသင်တန်းခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူးက ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်စောင့်ကြပ်ကြည့်ရှုနိုင်သည့်ကိရိယာ အရောင်းမြှင့်တင်



ရန်ကုန်　　မေ　　၄

Million Commercial Co.,Ltd. က တင်သွင်းဖြန့်ချိသော RTTS (Real Time Vehicle Tracking System) အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်စောင့်ကြပ်ကြည့်ရှုနိုင်သည့်ကိရိယာကို နှစ်သစ်ကူး အထူးအစီအစဉ်အဖြစ် မေ ၁ ရက်မှ ၁၅ရက်အထိ အရောင်းမြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

RTTS (Real Time Vehicle Tracking System) ကိရိယာကို တပ်ဆင်ထားခြင်းဖြင့် မိမိပိုင် မော်တော်ယာဉ်၊ Company ပိုင် မော်တော်ယာဉ်များ၊ အဖွဲ့အစည်းပိုင် မော်တော်ယာဉ်များအား အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်စောင့်ကြပ်ကြည့်ရှုနိုင်မည်ဖြစ်သည်။ RTTS စနစ်ကြောင့် တပ်ဆင်ထားသော မော်တော်ယာဉ်၏ စတင်ထွက်ခွာချိန်၊ ရပ်နားချိန်၊ ရောက်ရှိရာနေရာနှင့် အချိန်များ၊ သွားလာရာလမ်းကြောင်းတစ်လျှောက်လုံးကို တိုက်ရိုက်ကြည့်ရှုနိုင်ပြီး လိုအပ်သောမှာကြားချက်များ၊ ညွှန်ကြားချက်များ၊ သတိပေးချက် များအား တိုက်ရိုက်ဆက်သွယ်နိုင်သည်။ နှစ်သစ်ကူး အထူးအစီအစဉ်အဖြစ် မေ ၁ ရက်မှ ၁၅ ရက်အတွင်း ဝယ်ယူသူများအားအထူးလက်ဆောင်များလည်း စီစဉ်ထားကြောင်း၊ Real Time Vehicle Tracking System (RTTS) ဝယ်ယူသူများအား ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ City Mart Gift Cart နှင့် Off Line Tracking System ဝယ်ယူသူများအတွက် ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ City Mart Gift Card များ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်း

RTTS (Real Time Vehicle Tracking System) များကို ဝယ်ယူအသုံးပြုလိုသူများအနေဖြင့် Million Commercial Co.,Ltd. အမှတ် ၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၉-၈၆-၁၄၉၄၅၊ ၀၉-၈၀-၂၂၀၂၅ တို့သို့ ဆက်သွယ်စုံစမ်း ဝယ်ယူအသုံးပြုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောကတည်မြဲဖို့
သဘာဝတောတွေထိန်းသိမ်းစို့

ကျောက်ပန်းတောင်းမြို့နယ် ရွှေစကားဝါ ပညာအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ဝန်ကြီး ဦးလှထွန်း တက်ရောက်အားပေး

နေပြည်တော် မေ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် မေ ၂ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားလွင်ကျေးရွာအုပ်စု ချိုင်းကျေးရွာ၌ ကျင်းပသော ရွှေစကားဝါ ပညာအလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။(အပေါ်ပုံ)

အခမ်းအနားတွင် ဝန်ကြီး ဦးလှထွန်းနှင့် ဇနီးတို့က ချိုင်းကျေးရွာ ရွှေစကားဝါ ပညာအလင်းရောင်စာကြည့်တိုက်အတွက် ၂၀ လက်မ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံးကိုလည်းကောင်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့က စာကြည့်တိုက်အတွက် ပရိဘောဂနှင့် စာအုပ်စာတမ်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တာဝန်ရှိသူတို့က ချိုင်းကျေးရွာ ရွှေစကားဝါ ပညာအလင်းရောင်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဒေသခံပြည်သူများနှင့်ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
(၁-၅-၂၀၁၀)
ကိုခင်မောင်(စ)ကိုဇော်နီ (2nd Officer Uniteam Co:)၏
မွေးနေ့မင်္ဂလာမှသည် မွေးနေ့ပေါင်းများစွာသို့တိုင် မိသားစုနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။
ချစ်ဇနီး – ဒေါ်ခိုင်ခိုင်ဝင်း (ကထိက၊ သင်္ချာဌာန၊ ပြီမ်)
ချစ်သား – မင်းခေါ်စမင်း(Grade - 7, MLA)
ချစ်သမီး – Susan ခင်စေခင် (Grade - 2, MLA)
အမှတ်(၁၆၄) ၄၇-လမ်း(မြေညီထပ်) ဗိုလ်တထောင်မြို့နယ်။

အင်တာနက်အာကာသသိပ္ပံ

ဘာသာပြန် - ဗျည်းနွဲ့

ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံး ထိန်းချုပ်မှုလွတ်ကာ မျောလွင့်လျက်ရှိ အခြားဂြိုဟ်တုတစ်လုံးနှင့်ဝင်တိုက်မည့် အခြေအနေတွင်ရှိ

အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီ အင်တဲလ်ဆက်ပိုင် ဂလက်ဆီ-၁၅ ဆက်သွယ်ရေး ဂြိုဟ်တုသည် ဧပြီလအတွင်းက မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

ယခုအခါ ယင်းဂြိုဟ်တုသည် မူလကရင်းတည်ရှိခဲ့သည့် မြေပြင်စခန်းဗဟိုပြုပတ်လမ်းမှ ဖယ်ခွာကာ အရှေ့ဘက်သို့ ရွေ့လျားလျက်ရှိပြီး အခြားဂြိုဟ်တုများကို ဝင်တိုက်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

ဂလက်ဆီ-၁၅ ဂြိုဟ်တုကို ၂၀၀၅ခုနှစ်တွင် လွှတ်တင်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဧပြီ ၅ရက်တွင် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်သွားကြောင်း သတင်းတွင် ဖော်ပြထားသည်။ ယင်းဂြိုဟ်တုကို ထုတ်လုပ်ခဲ့သော ကုမ္ပဏီက ဧပြီလစောစောပိုင်းက ဖြစ်ပွားခဲ့သော ပြင်းထန်သည့် နေရောင်ခြည် မုန်တိုင်းကြောင့် ဂလက်ဆီ-၁၅ ဂြိုဟ်တုသည် ထိန်းချုပ်မှုမှ လွတ်ထွက်ခဲ့ရကြောင်း ဆိုသည်။

အထိန်းအကွပ်မဲ့ မျောလွင့်နေသော ဂလက်ဆီ-၁၅ ဂြိုဟ်တုနှင့် ပထမဆုံး ထိပ်တိုက်ရင်ဆိုင်ရဖွယ်ရှိသည့် ဂြိုဟ်တုသည် လူဇင်ဘတ် အခြေစိုက် အက်စ်အီးအက်စ်ဂြိုဟ်တု ဆက်သွယ်ရေးကုမ္ပဏီက ပိုင်ဆိုင်သော အေအမ်စီ-၁၁ဆက်သွယ်ရေးဂြိုဟ်တုဖြစ်သည်။ အေအမ်စီ-၁၁ ဂြိုဟ်တုသည် ဂလက်ဆီ-၁၅ ဂြိုဟ်တု ယခင်တည်ရှိခဲ့သည့်နေရာ၏ အနောက်ဘက် ၁၃၁ ဒီဂရီတွင် တည်ရှိသည်။ ယင်းဂြိုဟ်တုနှစ်ခု၏ တည်နေရာခြားနားမှုမှာ ၂ ဒီဂရီမျှသာရှိသည်။

အက်စ်အီးအက်စ်ကုမ္ပဏီသည် ၎င်း၏ ဂြိုဟ်တုကို ဂလက်ဆီ-၁၅ ဂြိုဟ်တု မျောလွင့်လာသည့် လမ်းကြောင်းပေါ်မှ ဖယ်ရှားပြီး ဂြိုဟ်တုနှစ်လုံး ထိပ်တိုက်ရင်ဆိုင်ဖွယ်ရှိမှုမှ ရှောင်ရှားနိုင်ရန် ပြင်ဆင်နေပြီ ဖြစ်သည်။

ဂလက်ဆီ-၁၅ ဂြိုဟ်တုသည် မြေပြင်ထိန်းချုပ်ရေးစခန်းမှ လွတ်ထွက်ခဲ့သော်လည်း ၎င်း၏လုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်ဆဲဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် အင်တဲလ်ဆက် ကုမ္ပဏီသည် ဂလက်ဆီ-၁၅ ဂြိုဟ်တု၏ လုပ်ငန်းတာဝန်များကို အပြီးသတ်ရပ်ဆိုင်းရန် မေလ ၃ ရက်တွင် ဆောင်ရွက်မည်ဖြစ်သည်။ အင်တဲလ်ဆက်ကုမ္ပဏီ၏ အစီအစဉ်ဖြစ်မြောက်အောင်မြင်ခဲ့ပါက ဂလက်ဆီ-၁၅ ဂြိုဟ်တုသည် သက်မဲ့ဂြိုဟ်တုတစ်စင်းအဖြစ် မြေပြင်စခန်းဗဟိုပြုပတ်လမ်းအတွင်း ဆက်လက်လွင့်မျောနေမည်ဖြစ်သည်။

ကျွမ်းကျင်သူများ၏ အဆိုအရ တစ္ဆေဂြိုဟ်တုများဟု ခေါ်သည့် သက်မဲ့ဂြိုဟ်တုများ ဒါဇင်နှင့်ချီ၍ ရှိကြောင်း အကြောင်းအမျိုးမျိုးကြောင့် ယင်းဂြိုဟ်တုများကို မြေပြင်စခန်း ဗဟိုပြုပတ်လမ်းအတွင်းမှ ဖယ်ထုတ်ခဲ့ခြင်း မရှိကြောင်း သိရသည်။

အင်တာနက်။

တောင်ပိုင်းဒေသများ ကွက်ကျားမိုး ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်၊ ဧရာဝတီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** နေပြည်တော်ပျဉ်းမနား၊ ချောက်မြို့၊ မြင်းခြံမြို့တို့တွင် ၄၄ ဒသမ သုည ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တံတားဦးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ စစ်ကိုင်းမြို့တွင် သုည ဒသမ ၉၁ လက်မ၊ ကျောက်တော် မြို့တွင် သုည ဒသမ ၇၁လက်မ၊ မကွေးမြို့တွင် သုည ဒသမ ၆၃ လက်မ၊ ကျောက်ဆည်မြို့ တွင် သုည ဒသမ ၅၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၅ ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတကာအားကစားသတင်း

ရောမ မာစတာဖလား တင်းနစ်ပြိုင်ပွဲ ရာဖေးနာဒယ်လ် အနိုင်ရဖိုလ်စွဲ

ရောမ မေ ၄

ရောမမာစတာဖလား တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲကို မေ ၂ ရက်က ကျင်းပခဲ့ရာ ကမ္ဘာ့အဆင့်(၃) စပိန်နိုင်ငံသား ရာဖေးနာဒယ်လ်က တစ်နိုင်ငံတည်းသား ကမ္ဘာ့အဆင့်(၁၃)ရှိ ဒေးဗစ်ဖာရာကို ၇-၅၊ ၆-၂ ဖြင့် အနိုင်ရကာ ရောမ မာစတာဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ရာဖေးနာဒယ်လ်အား ရောမ မာစတာဖလားနှင့်အတူ တွေ့ရစဉ်။

တက်လာနိုင်

ဗိုလ်လုပွဲသို့ တက်လာနိုင်ခဲ့သည့် ရာဖေးနာဒယ်လ်မှာ ဆီမီးဖိုင်နယ်အဆင့်တွင် လတ်ဗီးယားနိုင်ငံသား ဂူဗစ်ကို ၆-၄၊ ၃-၆၊ ၆-၄ ဖြင့်လည်းကောင်း၊ ဒေးဗစ်ဖာရာက စပိန်နိုင်ငံသားဗာဒက်စ်ကိုကို ၇-၅၊ ၆-၃ ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု ယှဉ်ပြိုင်ခဲ့သည့် ဗိုလ်လုပွဲတွင် ဒေးဗစ်ဖာရာမှာ ရာဖေးနာဒယ်လ်ကို လက်ရည်တူယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့သကဲ့သို့ သက်လုံပိုင်းလည်း မကောင်းသည်ကို တွေ့ခဲ့ရသည်။

ဝင်းတင် (ကြေးမုံ)

တွန်းအားတစ်ရပ်ဖြစ်

ယခု ယှဉ်ပြိုင်ခဲ့သည့် ရောမ မာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရဖိုလ်စွဲခဲ့သည့် ရာဖေးနာဒယ်လ်မှာ ဆုကြေးငွေအဖြစ် ယူရိုငွေ ၄၃၄၀၀၀ (အမေရိကန်ဒေါ်လာ ၅၇၈၀၀၀) ရရှိခဲ့သည်။ ရာဖေးနာဒယ်လ်က မိမိအနေဖြင့် ယခုပြိုင်ပွဲတွင် အနိုင်ရဖိုလ်စွဲခဲ့ခြင်းသည် လာမည့် မေ ၂၃ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည့် ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အောင်မြင်မှုရရန် တွန်းအားတစ်ရပ်ဖြစ်ခဲ့သည်ဟု ဆိုသည်။

အင်တာနက်။

အာစင်ဝင်းဂါး အနာဂတ်အတွက်စဉ်းစားပြီ

လန်ဒန် မေ ၄

ပရီမီယာလိဂ်တွင် အောင်မြင်မှုမရသည်မှာ ငါးနှစ်ဆက်တိုက်ရှိပြီဖြစ်သည့် အာဆင်နယ်အသင်း၏ နည်းပြကြီးအာစင်ဝင်းဂါးက လာမည့် ဘောလုံးရာသီများအတွက် အာဆင်နယ်အသင်းအား ပြင်ဆင်မှုများ ပြုလုပ်တော့မည်ဟု ဆိုလာသည်။

အနာဂတ်တွင် အသင်း အောင်မြင်ရေး စဉ်းစားလာပြီဖြစ်သည့် အာစင်ဝင်းဂါး။

အသင်းရှိ အဆင့်အတန်းမီ ကစားသမားများကို ရောင်းထုတ်ပြီး လူငယ်သွေးသစ်များဖြင့်သာ ပြိုင်ပွဲဝင်ခဲ့သည့် အာစင်ဝင်းဂါးသည် ကစားသမား အရောင်းအဝယ် ဈေးကွက်ဖွင့်ပါက လောက်လောက်လားလား သုံးစား၍ရသည့် ကစားသမားများကို ဝယ်ယူတော့မည်ဟု တရားဝင်ထုတ်ဖော်ပြောဆိုလာခဲ့သည်။ ပြင်သစ်ကလပ် ဘော်ဒိုးအသင်းမှ တိုက်စစ်မှူး ချာမက်မှာ လာမည့် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာရန် ရာနှုန်းပြည့် သေချာသလောက်ရှိနေသည်။ ထို့အပြင် အာစင်ဝင်းဂါးဝယ်ယူရန် ပစ်မှတ်ထားနေသည့် ကစားသမားများမှာ ဂျိုကိုးလ် (ချယ်လ်ဆီး)၊ ဂယ်ရီကာဟေးလ်(ဘော်လ်တန်)၊ မီလ်နာ(ဗီလာ)၊ ပါကား (ဝက်စ်ဟမ်း)၊ ဟန်ဂယ်လန်(ဖူလ်ဟမ်)နှင့် မန်စီးတီးဂိုးသမား ဂျိုးဟတ်တို့ ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ကဆုန်ညောင်ရေသွန်းပွဲတက်ရောက်

နေပြည်တော် မေ ၄

ကဆုန်လပြည့် ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက်နံနက်ပိုင်းတွင် ပုသိမ်မြို့ ရွှေမုဋ္ဌော စေတီတော်မြတ်ကြီး၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတို့က ကဆုန်ညောင်ရေသွန်းပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဗောဓိညောင်ပင်အား ရေသွန်းလောင်းကြကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ တိုင်းမှူးနှင့် တပ်နယ်မှတာဝန်ရှိသူများသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားကို တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူတစ်ဦးက ကဆုန်လပြည့်နေ့ အကြောင်း ရှင်းလင်းဖတ်ကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက်တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဧပြီ ၂၈ရက် နံနက်ပိုင်းတွင် ပြွန်ဝချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဂန့်အိတ်ကျေးရွာရှိ ရေလှောင်ကန်များနှင့် ရေတွင်းများ၌ ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဂန့်အိတ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ပြင်စလူမြို့နယ်ရှိကျေးရွာများတွင် ဆိုင်ကလုန်းရုပ်တာနှင့် ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့၌ အားကစားကွင်းနှင့် အဆောက်အအုံများဆောက်လုပ်နေမှုကို လည်းကောင်း၊ ရေလှောင်ကန်တည်ဆောက်နေမှုနှင့် ရေဖြန့်ဝေနေမှုကိုလည်းကောင်း၊ ခုတင် (၂၀၀)ဆံ့ ဆေးရုံတည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ လူငယ်သင်တန်းကျောင်း တည်ဆောက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ကဆုန်ညောင်ရေသွန်းပွဲတက်ရောက်

နေပြည်တော် မေ ၄

ကဆုန်လပြည့်နေ့ စုပေါင်းကဆုန်ညောင်ရေသွန်းပွဲတော် အခမ်းအနားကို ဧပြီ ၂၇ရက် ညနေပိုင်းတွင် မြစ်ကြီးနားမြို့ လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော်၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဓမ္မစကြာနှင့် ယောဂီဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် **(အောက်ပုံ)** ဧည့်ပရိသတ်များက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး လောကမာရ်အောင်စေတီတော်မြတ်ကြီးအား ပန်း၊ရေချမ်း၊ဆီမီး၊နံ့သာတိုင်များ ထွန်းညှိပူဇော်ကန်တော့ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နာဂစ်လေဘေးသင့်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် တက်လမ်းကုမ္ပဏီမှ ကျေးလက်နေအိမ် ၁၃၀ ဆောက်လုပ်လှူဒါန်း

ရန်ကုန် မေ ၄

တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီက နာဂစ်လေဘေးသင့်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းအဖြစ် ဆောက်လုပ်လှူဒါန်းသော သောင်လေးရွာသစ် ဘုန်းတော်ကြီးကျောင်း၊ သောင်လေးရွာသစ် တန်ဖိုးနည်း ကျေးလက်နေအိမ် အလုံး ၁၃၀၊ သောင်လေးရွာသစ် သက်ကယ်စာသင် သုံးထပ်ကျောင်း၊ စက်ကုန်းကျေးရွာ သက်ကယ်စာသင် နှစ်ထပ်ကျောင်းတို့ ရေစက်ချလှူဒါန်းခြင်း အခမ်းအနားကို မတ် ၆ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်း လပွတ္တာခရိုင် လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ် သက္ကယ်သောင်ကျေးရွာ အုပ်စု သောင်လေးရွာသစ် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာ ဦးရှိန်ဝင်းက ဘုန်းတော်ကြီးကျောင်း၊ ရာသီဥတုဒဏ်မှ ခိုလှုံစရာနေအိမ်နှင့် စာသင်နိုင်သည့် သံကူကွန်ကရစ် သက်ကယ်စာသင်ကျောင်းများ တည်ဆောက်လှူဒါန်းရခြင်းကို တင်ပြလျှောက်ထားသည်။

တည်ဆောက်ပေး

တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီမှ နာဂစ်လေဘေးသင့်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းအဖြစ် တည်ဆောက် ရေစက်ချလှူဒါန်းမှုများမှာ ယခင်က သက်ကယ်သောင် မြစ်ကမ်းဘေးတွင် တည်ရှိပြီး အုန်းချောင်းကျေးရွာနှင့် တစ်မိုင်ခန့်အကွာ ကုန်းတွင်းပိုင်း ပိညပ်ချောင်းဘေးသို့ ပြောင်းရွှေ့၍ စနစ်တကျ ရွာသစ် တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ဆောက်လုပ်လှူဒါန်း

တက်လမ်းကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသော သောင်လေးရွာသစ်ရှိ သုံးထပ် သက်ကယ်စာသင်ကျောင်းကိုတွေ့ရစဉ်။ (ကြေးမုံ)

ကမ္ဘာအေးကုန်းမြေ ဗုဒ္ဓဂယာဆရာတော်ကြီး စိုက်ပျိုးပူဇော်လှူဒါန်းထားသော (ကိုင်းပွားတော်) မဟာဗောဓိညောင်ပင်တော်အား ကဆုန်လပြည့်နေ့တွင် ဒါနဗုဒ္ဓဂယာဘုရားဖူးများ ဒေဝါဝင်းခင်း၍ ညောင်ရေသွန်းပူဇော်စဉ်။ (ကြေးမုံ)



မြို့နယ် သတင်းများ

မွေးမြူရေးကန်များရှိ ငါးများသေဆုံးမှု ကာကွယ်တားဆီးရေး သတိပေးနှိုးဆော်ချက်

ရာသီဥတုပူပြင်း၍ အပူချိန်မြင့်မားသောကာလများတွင် ငါးမွေးမြူရေးကန်များ၌ ကန်ရေများခန်းခြောက်ကာ ရေနည်းပါးလာပြီး ရေအရည်အသွေးကျဆင်းကာ ငါးများအစုအပြုံလိုက် သေဆုံးခြင်းများ ဖြစ်ပွားတတ်သည်။

ငါးသေဆုံးမှု ဖြစ်ပွားပါက ကန်ပိုင်ရှင်များသာမက ပြည်တွင်းစားသုံးမှု၊ ပြည်ပတင်ပို့မှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးမြူသူများအနေဖြင့် မွေးမြူရေးကန်များရှိ ငါးများသေဆုံးမှု ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်ကို ထုတ်ပြန်ကြေညာအပ်ပါသည်။

ကာကွယ်တားဆီးရေး

အောက်ဖော်ပြပါအချက်များကို ငါးမွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

(က) နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးဖြစ်ပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လေ့လှော်ပေးခြင်း စသည့် နည်းလမ်းများဖြင့် ရေတွင်ပျော်ဝင် အောက်ဆီဂျင် (DO) မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။

(ခ) ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့်ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။

(ဂ) ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။

(ဃ) အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။

(င) ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀) စင်တီမီတာ အတွင်းရှိနေစေရန် (မိမိလက်ကိုတံတောင်ဆစ်ထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)

(စ) ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှု ဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးရန်။

(ဆ) အစာကျွေးပြီးပါက အစာကျန်များ ရှိ၊ မရှိကို ပုံမှန်စစ်ဆေးရန်။

(ဇ) မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိရန်။

(ဈ) ကန်အခြေအနေနှင့် ကန်အရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။

(ည) ငါးမွေးမြူရေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

တာချီလိတ်မြို့၌ ပညာပေးဟောပြော

တာချီလိတ် မေ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ် ခရိုင်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၈ ရက် ညနေ ၄ နာရီတွင် ပုန်းထွန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲအုပ်သိန်းထွန်းဝေက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ဒုရဲအုပ် အေးလွင်က အိမ်သုံးဆေးဝါးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို လည်းကောင်း၊ ဒုရဲအုပ် မြင့်ထွေးက မှုခင်းကျဆင်းရေးနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးကိုလည်းကောင်း၊ ဒုရဲအုပ် ရွှေလင်းက ယာဉ်စည်းကမ်း ပညာပေးရေးနှင့် ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေး၊ ပြစ်မှုပြစ်ဒဏ်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကိုလည်းကောင်း၊ ဒုရဲအုပ်မင်းခိုင်က လူမှောင်ခိုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှု သိကောင်းစရာများကို လည်းကောင်း ဟောပြောကြသည်။ အဆိုပါဟောပြောပွဲသို့ ပုန်းထွန်ရပ်ကွက်မှ တိုင်းရင်းသားပြည်သူ ၃၅ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Statice Electricity)တို့ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

အမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၂ ရက်တွင် အမ်းမြို့ တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ပျိုးထောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ပျိုးထောင်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးသည် စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဟင်းရွက်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှုနှင့် ရေဖြန့်ဝေပေးနိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ဧပြီ ၂၄ ရက်တွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အမ်း-တပ်တောင် ကားလမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် အမ်း-တပ်တောင် ကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ တိုင်းမှူးသည် ဂဏန်းပြင်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆက်လက်၍ ဂဏန်းပြင်ကျေးရွာ ဘဝအရက်ဦးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ တာဝန်ရှိသူတို့က စာကြည့်တိုက်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကံဘွေကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာအတွင်း သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆည်ပြုလုပ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဧပြီ ၂၅ ရက်တွင် အမ်းမြို့နယ်ရှိ ကျေးရွာများတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ကဆုန်ညောင်ရေသွန်းပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် မေ ၄

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၉၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒုတိယဥက္ကဋ္ဌနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် မဟာဗောဓိရင်ပြင်တော်ရှိ ညောင်ဗုဒ္ဓဟေပင်တွင် နေရာယူကြပြီးနောက် ညောင်ဗုဒ္ဓဟေပင်ကို ကဆုန်ညောင်ရေသွန်းလောင်းကြကာ ကဆုန်ညောင်ရေသွန်းပွဲကို ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသတ်တပ်ဖွဲ့နေ့ ကြိုဆို မြေစိုက်ပိုစတာ စိုက်ထူ

နေပြည်တော် မေ ၄

မေ ၅ ရက်တွင် ကျရောက်သော (၆၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာစိုက်ထူပွဲနှင့် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲကို ဧပြီ ၂၉ရက် နံနက် ၈နာရီတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ (၆၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု၍ စာတမ်းပါဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သိန်းနှင့် အဖွဲ့ဝင်(၁) ဒုတိယရဲမှူးအုန်းလှိုင်တို့က ပန်းသပြေနှင့် အမွှေးနံ့သာများ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ဆက်လက်၍ တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မငါးရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၀၀ ကျော်တို့က မိုးကောင်းဆုတောင်းပြည့်ဘုရား ရင်ပြင်တော်တွင် သန့်ရှင်းရေးများ ဆောင်ရွက်ကြကြောင်း သိရသည်။

(၅၆၄)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်း ရန်ကုန်မြို့ရှိ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက် သင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးသို့ အလှူငွေလှူဒါန်း

မန္တလေး မေ ၃

မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကုဆေးရုံကြီးရှိ မျက်စိဌာနတွင် အသုံးပြုရန် Operating Microscope Y.Z 20.P ဝယ်ယူရန်အတွက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၉ ရက်က ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် မန္တလေးမြို့ အမှတ်(၂၉၃) ၃၁ လမ်း ၈၅-၈၆ လမ်းကြားနေ ဒေါ်ကြည်ကြည်ယဉ် (အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး)နှင့် အစ်ကို ဦးချစ်ဖေ-ဒေါ်ခင်သန်းမြင့် မိသားစုက မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးရှိ မျက်စိဌာနသို့ ငွေကျပ်၂၁သိန်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကြည်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(အောက်ပုံ)**

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ အလှူရှင်မိသားစုများ၊ဆေးရုံကြီးမှတွဲဖက်ပါမောက္ခ/ ဌာနမှူး(မျက်စိ) ဒေါက်တာဦးရဲလွင်နှင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ (ကြေးမုံ)

ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း ဒုတိယဝန်ကြီး ဦးသိန်းထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းသို့ရောက်ရှိပြီး စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှု၊ သင်ကြားပို့ချမည့်ဘာသာရပ်များ၊ ထားရှိရမည့် သင်ကြားမှုအထောက်အကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး English Language Lab နှင့် Community Information Centre (CIC) တို့အား အကျိုးရှိစွာ အသုံးပြုနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွန်ပျူတာနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဖွင့်

ဖြူး မေ ၄

ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးမြို့ ပညာရေးမြှင့်တင်မှုကော်မတီက ကြီးမှူး၍ နွေရာသီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်း (၁/၂၀၁၀) သင်တန်းဖွင့်ပွဲကို ဧပြီ ၂၂ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖြူးမြို့ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်အောင်နှင့် ကော်မတီဝင်များ၊ သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ထက်/လယ်ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးဝင်းမောင်နှင့် ဖြူးမြို့ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌ ဦးတင့်အောင် **(အောက်ဝဲပုံ)** တို့က အမှာစကား ပြောကြားပြီး သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးက သင်တန်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ပို့ချပေးမည်

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၂၀ တက်ရောက်ကြပြီး သင်တန်းကို ဧပြီ ၂၂ရက်မှ မေ ၂၂ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်ကာ အင်္ဂလိပ်စာကျွမ်းကျင်မှုကို တောင်ငူတက္ကသိုလ်မှ အင်္ဂလိပ်စာနည်းပြဆရာ၊ ဆရာမများကလည်းကောင်း၊ ကွန်ပျူတာသင်တန်းကို မြို့ခံ ကွန်ပျူတာကျွမ်းကျင် ဆရာ၊ ဆရာမများကလည်းကောင်း ပို့ချသင်ကြားပေးမည်ဖြစ်သည်။

(၁၄၀)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဖောင်တော်သီ အောင်မင်္ဂလာလမ်း ဂဝံလမ်းသစ်ကို မတ် ၂၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၄

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ ခုနှစ် မေ ၄ ရက်တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီနှင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီတို့က လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့်အဖွဲ့များအနက် အောက်ပါအဖွဲ့များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် မေ ၄ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်သည် -

(၁) ပြည်ထောင်စုဒီမိုကရေစီပါတီ
(Union Democratic Party)
(၂) ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ
(၃) ချင်းတိုးတက်ရေးပါတီ
(Chin Progressive Party)
(၄) ကယန်းအမျိုးသားပါတီ
(၅) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ
(National Democratic Party for Development)
(၆) မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ
(၇) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(၈) ‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ
(၉) အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၁၀) မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့်အဖွဲ့ (၃၀) ရှိသည့်အနက် အဖွဲ့ (၂၄) ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတင်းမှတ်စုအညွှန်း

ဝေါန်မြစ်ကူးပုသိမ်တံတား။

သွားလမ်းသာနေပြီဖြစ်သော ပုသိမ်ခရိုင်

သတင်းမှတ်စု စာမျက်နှာ - ၇

ထူးခြားသည့် နေ့အပူချိန်များ

(၄-၅-၂၀၁၀)
နေပြည်တော်ပျဉ်းမနား၊
ချောက်နှင့် မြင်းခြံ
၄၄ ဒသမ သုည
ဒီဂရီစင်တီဂရိတ်စီ